မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၇၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယကဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့(Myanmar Women's Day)အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဥ္စကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်နှင့် နာယကအဖွဲ့ဝင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျော်ဖုံးသို့ ■

ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီး**ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် **၂၀၀၅ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာမကြီး** ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း ပညာရေးတက္ကသိုလ်)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထုတ်ဝေသော စာအုပ်စာစောင်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

အမှန်ဘက်က ရပ်တည်၍ စာပေလက်နက်ဖြင့် တုံ့ပြန်ချေဖျက်

စာပေသည် အမျိုးသားယဉ်ကျေးမှုတို့ ပုံရိပ်ထင်ရာ ကြေးမုံပြင်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စာပေကြေးမုံပြင်ထဲတွင် မြန်မာ့လူမှုဓလေ့များ၊ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးကို လိုလားမှု၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည်လည်း အထင်အရှား ကိန်းအောင်းတည်ရှိနေသည်။ မြန်မာ့လူနေမှု စိတ်ထားများ ဆက်လက်ဖွံ့ဖြိုးခိုင်မာလာအောင် စာပေနည်းဖြင့်ပင် တစ်ဖက်တစ်လမ်းက တည်ဆောက်ပေးသွားရမည်ဖြစ်သည်။

စာရေးဆရာ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာ၊ ဘာသာပြန်ဆရာ စသည့် စာပေပညာရှင်များသည် ဝါသနာစေ့ဆော်မှုဖြင့် ရေးသားဖွဲ့ဆို လုပ်ကိုင်ကြရာမှ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအဖြစ် ရပ်တည်လာခဲ့သည်။ ခေတ်ကာလတိုးတက်မှုနှင့်အတူ စာပေသည် ပေပုရပိုက်ခေတ်မှ ခဲစာလုံးသုံးသည့် ပုံနှိပ်ခေတ်၊ ပုံနှိပ်ခေတ်မှ ကွန်ပျူတာခေတ်တို့အထိ ရောက်ရှိပြီး မိမိဖန်တီးသည့်လက်ရာကို အလွယ်တကူ သိမ်းဆည်းထားနိုင်ခြင်း၊ မိတ္တူများပွားနိုင်ခြင်း၊ အကြိမ်ကြိမ်ထုတ်ဝေနိုင်ခြင်းများအထိ တိုးတက်လာပြီဖြစ်သည်။

မြန်မာစာပေလောကသည် ရေးသားဖွဲ့ဆိုမှုအစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံးပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြု အစဉ်အလာတို့ရှိပြီးဖြစ်သည်။ မျက်မှောက်ခေတ် စာပေပညာရှင်များသည် ဤအစဉ်အလာများကို ထိန်းသိမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလမ်းကြောင်းပေါ်တွင် စာပေတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်သည်။

မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်၍ စာပေနှင့်စာနယ်ဇင်းလုပ်ငန်းနယ်ပယ်တွင် အခြားသောနိုင်ငံများနှင့် လက်ရာယှဉ်ပြိုင်နိုင်ရေး၊ အတွေးအခေါ် ယှဉ်ပြိုင်နိုင်ရေးနှင့် အနုပညာရသ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယခုအချိန်တွင် စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာသာလွန်သော နိုင်ငံကြီးအချို့က မြန်မာနိုင်ငံက ချမှတ်လျှောက်လှမ်းနေသည့် လမ်းကြောင်းနှင့် ဖွံ့ဖြိုးရေးတည်ဆောက်အောင်မြင်မှုများကို မသိကျိုးကျွန်ပြုပြီး စာပေနည်း၊ မီဒီယာနည်းတို့ဖြင့် ဖျက်လိုဖျက်ဆီး လုပ်နေကြသည်။ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ ဗန်းပြပြီး မတရားသြဇာလွှမ်းမိုးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဤအန္တရာယ်သည် ပြည်ထောင်စုစိတ်ဓာတ်၊ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို ပျက်ပြားယိမ်းယိုင်အောင် ပြုလုပ်နေသည့် အဓမ္မလုပ်ရပ်များဖြစ်သဖြင့် စာပေပညာရှင်များသည် အမှန်ဘက်ကရပ်တည်ပြီး စာပေလက်နက်ဖြင့် တုံ့ပြန်ချေဖျက် ရေးသားသွားကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျဉ်းမနားတွင် တည်ဆောက်ရေးလုပ်ငန်းများရှိ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်ပေး ပြည်သူချစ်သောဝန်ထမ်းကောင်းဖြစ်အောင်ကြိုးစား

နေပြည်တော် ဇူလိုင် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန်၃၀ရက်က လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပျဉ်းမနားမြို့ အထူးဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး(၁)သို့ရောက်ရှိ၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မိမိတို့ဝန်ကြီးဌာနသည် တိုင်းပြည်၏ အဓိက လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုထံ ဖြန့်ဖြူးပေးရသောဌာနကြီးဖြစ်၍ စေတနာသန့်သန့်ဖြင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဝန်ထမ်းများကလည်း လစဉ်သတ်မှတ်ရက်အတိုင်း မှန်မှန်ကန်ကန် မီတာဖတ်ခြင်း၊ မီတာဘီလ်ရေးသွင်းခြင်း၊ပေးဆောင်ရမည့် မီတာဘီလ်များကို မီးသုံးစွဲသူများထံ ဖြန့်ဝေခြင်း၊ မီးဖြတ်စာရင်းရေးဆွဲခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်၍ ဝင်ငွေတိုးတက်ရရှိရန် ကြိုးပမ်းပြီး မှန်ကန်သောဝန်ထမ်းများအဖြစ် ရပ်တည်ကြရန်လိုကြောင်း၊ ပျဉ်းမနားတွင် တည်ဆောက်ရေးလုပ်ငန်းများရှိ၍ မိမိတို့ဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှု မတော်တဆဖြစ်ပွားပါက မြန်မြန်ဆန်ဆန် ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူချစ်သော၊ အားကိုးယုံကြည်ရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ လျှပ်စစ်စွမ်းအားဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသော အပိုင်းတွင် ပါဝင်နေပြီး ယခုအခါ အမှတ်(၁)နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှစ်ခုခွဲ၍ လျှပ်စစ်ဓာတ်အား တိုးတက်သည်ထက် တိုးတက်လာရန် ဆောင်ရွက်နေမှုနှင့် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်သည်နှင့်အမျှ ရသင့်ရထိုက်သော ဝင်ငွေတိုးတက်ရန်လိုအပ်မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပျဉ်းမနားမြို့တွင်းရှိ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို စစ်ဆေးပြုပြင်ခြင်းကို အသေးစိတ်ဆောင်ရွက်သွားမည့် အစီအမံ၊ လျှပ်စစ်ဗို့အား စဉ်ဆက်မပြတ်ပေးရေး၊ ရသင့်သောဓာတ်အားခကို အပြည့်အဝရရှိရေးနှင့် ကြွေးကျန်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေး၊ ဓာတ်လိုက်မှုကင်းရှင်းရေးကို အလေးအနက်ထား ဆောင်ရွက်သွားမည့်အခြေအနေတို့ကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က လစဉ် လဆန်း၁ရက်မှ ၅ရက်အတွင်း မီတာစာရေးများက မီတာဖတ်ရန်၊ လဆန်း၆ရက်မှ ၁၀ရက်အတွင်း ဘီလ်များရေးသွင်းခြင်း၊ ၁၁ရက်မှ၁၅ရက်အတွင်း ပြည်သူတို့အား မီတာခ ကျသင့်ငွေ ဘီလ်များဝေခြင်း၊ ၁၆ရက်မှ ၂၅ရက်အတွင်း ပြည်သူများက ကျသင့် မီတာခများ လာရောက်ပေးသွင်းရေးတို့ကို ပီပီပြင်ပြင်ဖြစ်ရေး အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ပျဉ်းမနားအထူးဖွံ့ဖြိုးရေးစီမံကိန်းရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁၀)

၅-၇-၂၀၀၆ ရက်နေ့ နံနက်ပိုင်း

၀၁း၃၀ ၁။ FIFA WORLD CUP 2006 (Semi-Final) ဘောလုံးပွဲ Germany Vs Italy(Live)

ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၃

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီး ဦးသန်း(မဟာ သဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၆၀)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဇူလိုင်၉ရက် ညနေ၆နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဇူလိုင် ၉ရက်နေ့ ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏မှတ်ပုံတင်များယူဆောင်ပြီးဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။**(က-ပ)**

ရန်ကုန်မြို့ ရွှေပြည်သာ မြို့နယ် ကျောက်စိမ်းလမ်း အမှတ် ၅/၇/၁၀၉ (ခ)နေ ကွယ်လွန်သူ ခင်ပွန်း ဦးလှတင်၊ သား မောင်သိန်းတိုးတို့အား ရည်စူး၍ ဒေါ်အေးပုနှင့် မြေးတစ်စုတို့က ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာသနိကအဆောက်အအုံများအတွက် လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃

ရေချမ်းအိုးဆရာတော်ကြီး ဘဒ္ဒန္တပညာသီရိအရှင်မြတ်၏ ဆန္ဒနှင့်အညီ မုံရွာမြို့ သာစည်လမ်း နိဂြောဓာရုံ ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တသောဘိတ ဦးဆောင်တာဝန်ယူပြီး မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးရွာတွင် မေတ္တာရေချမ်းပရိယတ္တိစာသင်တိုက်ဖွင့်လှစ်ရာသာသနိကအဆောက်အအုံပစ္စည်းများအတွက် လှူဒါန်းလိုသူများသည် ဦးတင်ဝင်း ဖုန်း-၀၇၁-၂၁၀၈၅၊ဦးငြိမ်းအောင် ဖုန်း- ၀၇၁-၂၅၂၈၃၊ ဦးသန်းထွန်း ဖုန်း- ၀၇၁-၂၁၉၅၉၊ ဦးခင်မောင်မြင့် မန္တလေး ဖုန်း-၀၉-၂၀၀၄၈၉၀၊၀၉-၅၃၃၁၃၇၁၊ ဒေါက်တာ အေးကျော် ပြင်ဦးလွင် ဖုန်း- ၀၈၅-၂၂၇၅၄နှင့် မေတ္တာရေစင်ပရိယတ္တိ သာသနာ့ပါလအသင်း (ပြင်ဦးလွင်၊ မုံရွာ၊ မန္တလေး) သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် နိုင်ငံတော်က ချီးမြှင့်သည့် အမြင့်ဆုံးဘွဲ့ထူး ဂုဏ်ထူးချီးမြှင့်ခံရသူ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)ရ ဒေါ်ကြန်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် အကြိမ်(၆၀)နှင့်အထက် အများဆုံး သွေးလှူဒါန်းသူဆုရ (၉၁)ကြိမ်မြောက် သွေးလှူရှင် ကမာရွတ်မြို့နယ် (၂)ရပ်ကွက် မြကန်သာအိမ်ရာမှ ဒေါ်မြင့်မြင့်စန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြောင်းကို တွေ့ရှိနေရပါကြောင်း၊ ယင်းလုပ်ငန်းများတွင် မိမိတို့အမျိုးသမီးရေးရာ အဖွဲ့ဝင်များကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤနေရာတွင် Beijing Plus 10ကြေညာချက်လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများနှင့် ထင်ဟပ်တင်ပြလိုပါကြောင်း။

"အားလုံးအတွက် ပညာရေး"ဆောင်ပုဒ်အကောင်အထည်ဖော်မှုကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန် ဟူ၍ ကြေညာချက်၌ပါရှိခဲ့ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သော "အားလုံးအတွက် ပညာရေး"ဆိုသည့်ဆောင်ပုဒ်ကို စနစ်တကျ အစီအစဉ်ရေးဆွဲပြီး လက်တွေ့တွင် အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုမျှသာမက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် **"ကျောင်းပြင်ပ ပညာရေး"၊ "စာတတ်မြောက်ရေး"၊ "စဉ်ဆက်မပြတ် ပညာရေး"**အစရှိသည့်လုပ်ငန်းများကို တိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နေပါကြောင်း။

ထို့အပြင် Beijing+10 ကြေညာချက်၌ပါ အမျိုးသမီးကြီး/ငယ်များအား HIV/AIDS ရောဂါကူးစက်မှုတားဆီးကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေးများကိုဆောင်ရွက်ပေးရန်ဟု ပါရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသမီးထုကျန်းမာရေးကဏ္ဍတွင် အမျိုးသမီးကြီး/ငယ်များအား HIV/AIDS ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနည်းလမ်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ နှစ်သိမ့်ဆွေးနွေးမှုများ၊ ပြုစုစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို မြို့ရွာကျေးလက်အားလုံး တန်းတူညီမျှရရှိစေရေးအတွက် ဆောင်ရွက်နေပါကြောင်း။

အသိပညာဖြန့်ဖြူးပေး

အမျိုးသမီးများအား အကြမ်းဖက်မှုနည်းမျိုးစုံ ပပျောက်စေရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ကာကွယ်ရန်နှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တားဆီးကာကွယ်ရေးလုပ်ငန်းများ

တိုင်းပြည်နှင့်လူမျိုးအပေါ် ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံဖန်တီးနေသည့်ပြည်တွင်းပြည်ပ အဖျက်သမားများကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြတ်ပြတ်သားသားဆန့်ကျင်ကြ

❒ *ကျော်ဖုံးမှ*

မြန်မာအမျိုးသမီးထုအားလုံးကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ဇူလိုင် ၃ ရက် **"မြန်မာအမျိုးသမီးများနေ့"**အခမ်းအနားသည် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသည့်အပြင် လေးနက်ပြီး အနှစ်သာရနှင့် ပြည့်ဝပါကြောင်းကို ပြောကြားလိုပါကြောင်း။

ကောင်းမြတ်သောဂုဏ်ရည်များ

အလားတူ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် မြန်မာအမျိုးသမီးများ၏ လေးစားဂုဏ်ယူမြတ်နိုးဖွယ် ဂုဏ်ဒြပ်များ၊ ထူးချွန်ထက်မြက်သော စွမ်းရည်ကောင်းများ၊ မိမိနိုင်ငံ ချစ်မြတ်နိုးစိတ်နှင့် မိမိအမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်လျက်ရှိသည့် အစဉ်အလာကောင်းများစသည့် ကောင်းမြတ်သော ဂုဏ်ရည်များကို ရည်ညွှန်းဖော်ပြဂုဏ်ပြုသည့်နေ့လည်း ဖြစ်ပါသည်ဟု ပြောလိုကြောင်း။

မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်ရသည့် နောက်ခံသမိုင်းကိုလည်း တင်ပြလိုပါကြောင်း၊ ၁၉၉၅ ခုနှစ် စက်တင်ဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရားတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ရန် မူချမှတ်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ ချမှတ်ခဲ့သည့်မူနှင့်အညီ မြန်မာနိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးများအနေဖြင့် ရရှိထားပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာရေးအတွက် ဦးဆောင်သွားရမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပါကြောင်း။

မြန်မာအမျိုးသမီးထုအားလုံးအတွက် အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ကာကွယ်စောင့်ရှောက်

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်ခုနစ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်နယ်/တိုင်းအဆင့်မှသည် ရပ်ကွက်/ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးကို တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ပါဝင်မြှင့်တင်စည်းရုံးလှုပ်ရှား ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ယခုသက်တမ်း နှစ်နှစ်ခွဲကာလအတွင်း အဖွဲ့ဝင်အင်အား ၂၁သမ ၆ သန်းကျော် ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးတည်လျက် မြန်မာအမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်အားပေး ကူညီလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများနှင့်အညီ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် အဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုတစ်ရပ်လည်းဖြစ်ပါကြောင်း၊ လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ကြသည့် မြန်မာတိုင်းရင်းသူ အမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ်ပါဝင်၍ နိုင်ငံအကျိုးကို သယ်ပိုးဖြည့်ဆည်းခွင့် ရရှိနေကြပြီဖြစ်ပါကြောင်း။

ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်းတွင် အလွှာအဆင့်အသီးသီးမှ မြန်မာအမျိုးသမီးများ၏ညီညွတ်သောမိသားစုစိတ်ဓာတ်နှင့် စွမ်းဆောင်ချက်များကြောင့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံက ချမှတ်ခဲ့သည့် Beijing Platform for Action ပါ လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့၍ မြန်မာအမျိုးသမီးထုကိုယ်စားရရှိခဲ့သည့် အောင်မြင်မှုများအတွက် များစွာ အားတက်ဂုဏ်ယူမိပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၅ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီတပ်ဖွဲ့ဝင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဒေါ်မိုးသူဇာအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ညီလက်ညီပူးပေါင်းပါဝင်

၂၀၀၅ခုနှစ် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက်အထိမ်းအမှတ်ညီလာခံသို့ မြန်မာနိုင်ငံမှလည်း တက်ရောက်ခဲ့ပါကြောင်း၊ ညီလာခံမှကြေညာချက်စာတမ်းကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ကြေညာချက်စာတမ်းတွင်ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်အများစုသည် မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးများအတွက် အကျိုးပြုလုပ်ငန်းများအဖြစ် ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ဆောင်ရွက်နေဆဲလုပ်ငန်းများ ဖြစ်နေ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို ယခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းအဆင့် ဆွေးနွေးပွဲများကို မန္တလေး၊ လားရှိုး၊ ပဲခူး၊ ကော့သောင်းနှင့် တာချီလိတ်မြို့များ၌ ဆက်လက်ကျင်းပနိုင်ခဲ့ပါကြောင်း၊ အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး စီမံကိန်းအကူအညီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို အဓိကကျသည့်မြို့များ၌ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားစီမံချက် National Plan of Action မူကြမ်း ရေးဆွဲလျက်ရှိပြီး မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မိမိတို့အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းနှင့် ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုတင်ကာကွယ်မှုအနေဖြင့် အမျိုးသမီးထုကြီး နားလည်နိုင်စေရန် အသိပညာဖြန့်ဖြူးပေးပါကြောင်း၊ တားဆီးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လေ့ကျင့်ဆွေးနွေး ပညာပေးသင်တန်းများပြုလုပ်ပြီး တားဆီးကာကွယ်မှုပြုလုပ်ခြင်း၊ Counseling အဖွဲ့များဖြင့် ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ကူညီစောင့်ရှောက်ရေးကဏ္ဍတွင် လူကုန်ကူးခံရသူများကို ဤဘဝမျိုး နောက်ထပ်မရောက်ရအောင် အကြံဉာဏ်ပေးခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိသားစုထံ စနစ်တကျပြန်လည်အပ်နှံပေးခြင်းများကို အစိုးရဌာနများ၊ အခြားလူမှုရေးအသင်းအဖွဲ့များ၊ INGO အဖွဲ့များနှင့်ပါ ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် Beijing Plus 10လုပ်ငန်းစဉ်များသည် မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိခြင်းကြောင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတွင်းနိုင်ငံများနှင့်ပါ လက်တွဲ၍ မြန်မာအမျိုးသမီးထုဘဝမြှင့်တင်ဖို့ ဆောင်ရွက်နေကြောင်းကို ပြောကြားလိုပါကြောင်း။

ကာကွယ်တုံ့ပြန်ခဲ့

ယင်းကဲ့သို့ မိမိတို့ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ မြန်မာအမျိုးသမီးများဘဝလှပရေးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်နေသော်လည်း ပြည်ပမှ တစ်ဖက်သတ် စွပ်စွဲထိုးနှက်ပိတ်ဆို့မှုများ ရှိနေပါကြောင်း၊ ယင်းသို့ မတရားစွပ်စွဲထိုးနှက်ပိတ်ဆို့မှုများသည် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကိုယ်စား မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြေညာချက်စာတမ်းများ ထုတ်ပြန်ခြင်းဖြင့် ကာကွယ်တုံ့ပြန်ခဲ့ရပါကြောင်း။

ယင်းကဲ့သို့ တုံ့ပြန်ချက်များမှာ ၂၀၀၅ ခုနှစ်တွင်ကျင်းပခဲ့သည့် မြန်မာအမျိုးသမီးများနေ့ကစပြီး မြန်မာအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် **(၁) နိုင်ငံတော်အား မတရားစွပ်စွဲပိတ်ဆို့မှုများကြောင့် အမျိုးသမီးများ၏ဘဝထိခိုက်နစ်နာမှုများအပေါ် ကြေညာချက်၊ (၂) ချက်သမ္မတနိုင်ငံ သမ္မတဟောင်း Mr. Vaclav Havel နှင့် တောင်အာဖရိကနိုင်ငံမှ ဂုဏ်ထူးဆောင်ဂိုဏ်းချုပ် Bishop Desmond M. Tutu တို့ တာဝန်ယူထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲထားသည့် စာတမ်းအပေါ် တုံ့ပြန်ကြေညာချက်၊ (၃) နိုင်ငံအတွင်း လွတ်လပ်စွာ**

စာမျက်နှာ ၇ ကော်လံ ၁

4-7 (03).p65 1 1/6/32, 11:16 PM

ဂိမ်းကစားနည်း လူငယ်များ၏အမူအကျင့်ကို စိုးမိုးနိုင် ဈေးကွက်ယှဉ်ပြိုင်မှုသာမက ယဉ်ကျေးမှုအတွက်ပါ ယှဉ်ပြိုင်

ပေကျင်း ဇူလိုင် ၃

တရုတ်နိုင်ငံသည် ပင်ကိုစွမ်းရည်ရှိကြသည့် အွန်လိုင်းဂိမ်းကစားသူများနှင့် ပုံစံထုတ်နိုင်သူများအတွက် လေ့ကျင့်ရေးသင်တန်းအစီအစဉ်ကို စတင်ဆောင်ရွက်လိုက်ပြီဖြစ်သည်။ အဆိုပါ ပင်ကိုစွမ်းရည်ရှိကြသူများအား အချိန်တိုပံ့ပိုးမှုအဖြစ် အစိုးရက ထိရောက်စွာ ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

ပြန်ကြားရေးလုပ်ငန်း ဝန်ကြီးဌာနသည် ဇွန် ၂၇ရက်တွင် ပထမဆုံး အခြေခံစွမ်းရည်ဆိုင်ရာ ဂိမ်းကစားမှုသင်တန်းအဖြစ် ပေကျင်း ဟိုင်ကျုံကျိုကျို နည်းပညာကုမ္ပဏီလီမိတက်၏ ဂိမ်းကစားနည်းသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

တရုတ်နိုင်ငံတွင်အွန်လိုင်းဂိမ်းဈေးကွက်မှ ရရှိသောတန်ဖိုးသည် ၂၀၀၆ ခုနှစ် တွင် ယွမ် ၈ ဒသမ ၃ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်) အထိရှိခဲ့ကြောင်း တရုတ်လူမှုရေး သိပ္ပံအကယ်ဒမီ၏လေ့လာချက်တွင်ဖော်ပြပါရှိသည်။

တရုတ်နိုင်ငံသည် တရုတ်ဈေးကွက်ကို လောလောဆယ်ကြီးစိုးထားသည့် အမေရိကန် ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ တင်သွင်းလျက်ရှိသော ဂိမ်းကစားမှုဆိုင်ရာ ထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်တွင်းအားကစားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုကို တရုတ်ပညာ သင်ကြားပေးသူများကလည်းထောက်ခံခဲ့ကြသည်။

၎င်းတို့က ကွန်ပျူတာ ဂိမ်းကစားနည်းသည် လူငယ်များ၏ အမူအကျင့်များကို စိုးမိုးနိုင်ကြောင်း၊ ဂိမ်းဈေးကွက်ယှဉ်ပြိုင်မှုသည်စီးပွားရေး အကျိုးအမြတ်အတွက်ယှဉ်ပြိုင်သည့်အကြောင်းသာမက ယဉ်ကျေးမှုကြောင်းအတွက်လည်း ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားငလျင်ဒဏ်ခံရသူ ၁၆၀၀၀ ရာသက်ပန် မသန်စွမ်းသူများဖြစ်လာရ

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်နှင့် ယိုဂျီယာကာတာတို့တွင် မကြာသေးမီကတုန်လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် အနည်းဆုံးလူ ၁၆၀၀၀ ခန့်သည် ရာသက်ပန် မသန်စွမ်းသူများဖြစ်ခဲ့ကြရပြီး ၎င်းတို့ အနက်၆၀၀မှာ အကြောသေဝေဒနာရှင်များဖြစ်ကြကြောင်း ဒေသခံဆေးရုံမှ အရာရှိတစ်ဦးက ပြောကြားသည်။

လွှဲပြောင်းပေးခဲ့

ယင်းသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် ဖြတ်တောက်ခံလိုက်ရသော ခြေလက် အင်္ဂါများ ဆုံးရှုံးခဲ့၍ဖြစ်ကြောင်း၊ အများစုမှာ ကျောရိုးဒဏ်ရာကြောင့် အကြောသေ ဝေဒနာခံစားနေရကြောင်း ငလျင်ဒဏ်ခံခဲ့ရသူများအား ယော့ယာကရာတာရှိ ဒေါက်တာဆတ်ဂျီတို ဆေးရုံသို့လွှဲပြောင်းပေးခဲ့သည့် ညှိနှိုင်းဆောင်ရွက်ရေးမှူး ပါမောက္ခဒေါက်တာ ဆူတာယို၏ပြောကြားချက်ကို ကိုးကား၍ အင်တာရာ သတင်းဌာနက ဇွန်၂၇ရက်တွင် ဖော်ပြသည်။

ပြန်လုပ်ဆောင်နိုင်မည်

လောလောဆယ်တွင် မိမိ၏ ဆေးရုံ၌ အကြောသေဝေဒနာရှင် ၂၀၀ ရှိကြောင်း ဒေါက်တာဆူတာယိုက ပြောကြားသည်။ မသန်စွမ်းဖြစ်လာသည့် လူများအတွက် ဘီးတပ်ကုလားထိုင်များ၊ ခြေတုလက်တုများ ပိုမိုလိုအပ်လျက် ရှိကြောင်း၊ သို့မှသာ ၎င်းတို့၏နေ့စဉ် လုပ်ငန်းဆောင်တာများကို ပြန်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့အား အဆင့်မြင့်လက်နက်များတပ်ဆင်ပေးသွားမည်

စင်ကာပူ ဇူလိုင် ၃

စင်ကာပူနိုင်ငံသည် ၎င်း၏ တတိယမျိုးဆက်(သရီးဂျီ)လက်နက်ကိုင်တပ်ဖွဲ့ကို လာမည့်ငါးနှစ်မှ ခုနစ်နှစ်အတွင်း အဆင့်မြင့်လက်နက်များတပ်ဆင်ပေးမည်ဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီး တီယိုချီဟေအန်၏ ပြောကြားချက်ကို ချန်နယ် နယူးစ်အာရှက ဇူလိုင်၁ရက်၌ ဖော်ပြသည်။

ပါဝင်စစ်ရေးပြ

စင်ကာပူ လက်နက်ကိုင်တပ်ဖွဲ့ (အက်စ်အေအက်ဖ်)အား အဆင့်မြင့်လက်နက်များ တပ်ဆင်ပေးပြီး အဓိကစစ်ဆင်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် သရီးဂျီတပ်ဖွဲ့အဖြစ် ပြောင်းလဲသွားမည် ဖြစ်ကြောင်း အဆိုပါ ကာကွယ်ရေး ဝန်ကြီးက ဒေသဆိုင်ရာ မီဒီယာနှင့် အင်တာဗျူးပြုလုပ်ရာတွင် ပြောကြားသည်။ အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင် ၁၅၀၀ခန့်သည် ဇူလိုင် ၁ရက်က အက်စ်အေအက်ဖ် တပ်ဖွဲ့နေ့အဖြစ် ပါဝင်စစ်ရေးပြခဲ့ကြသည်။

အစားထိုးမည်

စင်ကာပူ လေတပ်ကိုလည်း အက်ဖ်- ၁၆တိုက်လေယာဉ်အုပ်စုနှင့် အပါချီလောင်းဘိုး တိုက်ခိုက်ရေး ရဟတ်ယာဉ် အုပ်စုတို့အဖြစ် ယခုနှစ်မေလနှင့် ဇွန်လက အသီးသီးဖွဲ့စည်းလိုက်သည်။ **(အပေါ်ပုံ)**

ရေတပ်ကိုလည်း ၎င်း၏စစ်သင်္ဘော အုပ်စုခြောက်စုကို ရေတပ် ဒုံးပျံစက်လှေများဖြင့် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒေါ်လာငွေစက္ကူအတု ၂၆သန်း ယူဂန္ဓာနိုင်ငံ၌ သိမ်းဆည်းရမိ

ကမ်ပါလာ ဇူလိုင် ၃

ယူဂန္ဓာနိုင်ငံတွင် မရိုးမသားကိစ္စရပ်များအား အရှိန်မြှင့်နှိမ်နင်းစဉ် သိမ်းဆည်းရမိငွေစက္ကူအတုများတွင် အမေရိကန်ဒေါ်လာ ၂၆သန်းကို သိမ်းဆည်းရမိခဲ့ပြီး မသင်္ကာဖွယ် လူရှစ်ဦးကို ယူဂန္ဓာရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း နယူးဗီးရှင်း သတင်းစာက ဇူလိုင်၁ရက်၌ ဖော်ပြသည်။

သိမ်းဆည်းရမိ

သိမ်းဆည်းရမိသည့် များပြားသော ငွေစက္ကူအတုများတွင် ယူဂန္ဓာ၊ ဘူရွန်ဒီ၊ ကင်ညာနှင့် ကွန်ဂိုငွေစက္ကူအတုများလည်းပါဝင်ပြီး ငွေစက္ကူအတု ပြုလုပ်သည့်စက်နှစ်လုံးကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

ပြောကြား

အဆိုပါ ငွေစက္ကူအတုပြုလုပ်သူများကို အမ်ဘာရာရာ၊ မာဆာကာနှင့် ဖော့ပေါ်တယ်လ်မြို့များတွင် စစ်ဆေးရှာဖွေရာ၌ ဖမ်းဆီးမိခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ယူဂန္ဓာမြောက်ပိုင်းတွင် ပြစ်မှုများ ကျူးလွန်သဖြင့် အလိုရှိနေသော ထိပ်တန်းသူပုန်ဖြစ်သူ ကိုနီထက်ပင် ဆိုးရွားလျက်ရှိကြောင်း ကမ်ပါလာရဲတပ်ဖွဲ့အကြီးအကဲ ကာလီကာယီဟူရာက ပြောကြားသည်။

ချေမှုန်း

ယင်းကဲ့သို့ လူများကို သတင်းပေးခြင်းဖြင့် ကူညီစေလိုကြောင်း၊ အမျိုးသားစီးပွားရေးကို ခြိမ်းခြောက်လျက်ရှိသည့် အနေအထားကို ချေမှုန်းသုတ်သင်နိုင်ရန် ဤနည်းသာလျှင် ရှိတော့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား



ကမ္ဘာ့အကြီးဆုံးမျက်နှာသုတ်ပဝါ

ကမ္ဘာ့အကြီးဆုံးမျက်နှာသုတ်ပဝါကြီးတစ်ခုကိုတွေ့ရစဉ်။(ဝဲပုံ)

ကယ်လီဖိုးနီးယားပြည်နယ်ဟာမိုဆာကမ်းခြေ၌ အပျော်တမ်းလူငယ်အဖွဲ့ တစ်ဖွဲ့က အရှည် ၁၃၁ပေနှင့် အနံ ၇၈ ပေရှိကာ အလေးချိန် ပေါင် ၁၀၀၀ ရှိသည့် မျက်နှာသုတ်ပဝါကြီး တစ်ခုကို ပြုလုပ်ခဲ့ကြသည်။

၎င်း မျက်နှာသုတ်ပဝါကြီးသည် ကမ္ဘာ့အကြီးဆုံး မျက်နှာသုတ်ပဝါကြီးတစ်ခုအဖြစ်ဂင်းနက်စ်မှတ်တမ်းဝင်အောင် ကြိုးစားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံးကိတ်မုန့်

ကမ္ဘာ့အကြီးဆုံး ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ် ပြသထားစဉ်။ (ယာပုံ)

ရိုမေးနီးယားနိုင်ငံမြို့တော်ဘူခါရက်မြို့၏ အနောက်မြောက်ဘက် ၂၃၆ မိုင်အကွာရှိ အိုရာစတီမြို့တွင် ကိုလီဗာဟု အမည်ပေးထားသော ကိတ်မုန့်ကြီးတစ်ခုအား ပြုလုပ်ပြသထားရာ ၎င်းကိတ်မုန့်ကြီးသည် အလေးချိန် ၃၃၆၃ ကီလိုဂရမ်ရှိပြီး ကမ္ဘာ့အကြီးဆုံး ကိတ်မုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရမည်ဖြစ်သည်။ **(အင်တာနက်)**

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၃

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဘွဲ့နှင်းမဏ္ဍပ်၌ ဆက်လက်ကျင်းပပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ညနေပိုင်းတွင်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး အကြံပေး ပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့်ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် ပဉ္စမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်းမှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသကလည်းကောင်း၊ သာသနာရေး ဆောင်ရွက်ချက်များကို ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဉ္စမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက် (၁၄-၃-၂၀၀၆) ရက် အင်္ဂါနေ့မှ ယနေ့အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် ပန္နရသမ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပင့်ဆောင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ အားလုံးက“ဇယန္တောဗောဓိယာမူလေ” အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် ညနေပိုင်းတွင် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ သတ္တရသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်း အမှတ် ၁၀ ကံမြင့်ကျောင်းတိုက်က အရုဏ်ဆွမ်း အလှူကိုလည်းကောင်း၊ ရွှေရည်ဝင်း ကုမ္ပဏီက နေ့ဆွမ်းအလှူကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

---

(၄၇)ပါးစုံညီ သတ္တရသမစည်းဝေး

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဘွဲ့နှင်းမဏ္ဍပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

မင်းဘူးခရိုင်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃

မင်းဘူးခရိုင်အသင်း သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပန်းတိမ်း၊ ငဖဲမြို့နယ်များမှ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန်နှင့် အလှူဒါနပါဝင်လိုသူ ဓမ္မမိတ်ဆွေများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း-၇၀၄၇၉၆နှင့် အတွင်းရေးမှူး ဗိုလ်မှူး တင့်ဝေ(ရေ-ငြိမ်း) ဖုန်း-၅၇၇၇၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ ရုပ်မြင်သံကြား

၄-၇-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ မံဆောင်းတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၀ ၅။ ခံစားနားဆင်တေးဂီတဝင်
၁၇:၀၀ ၆။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်”** ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ မြန်မာ့ရိုးရာခြင်းလုံးအားကစား
၁၈:၅၀ ၁၁။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဇူလိုင်နံနက်ခင်း”** (အပိုင်း-၆)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သူ့အိပ်မက်လှလှ” အပိုင်း(၈)**

အင်တာနက် အထူးသတင်း

စပိန် ဗလင်စီယာမြို့၌ ရထားလမ်းချော်တိမ်းမှောက်

မက်ဒရစ် ဇူလိုင် ၃

စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့တွင် ဇူလိုင် ၃ရက်က မြေအောက်မီးရထားတစ်စင်းလမ်းချော်ပြီး တိမ်းမှောက်ခဲ့သဖြင့် အနည်းဆုံး လူ၃၄ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းရထားသည် အရှိန်ပြင်းစွာ မောင်းနှင်နေစဉ် မီးရထားဘီးများထဲမှ တစ်ဘီးကျွတ်ထွက်သွားခြင်းကြောင့် လမ်းချော်တိမ်းမှောက်ခြင်း ဖြစ်နိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မာတီနက်က ပြောကြားသည်။

ထို့အပြင် ဥမင်လိုဏ်ခေါင်းနံရံသည် မီးရထားတွဲများအပေါ်သို့ ပြိုကျခြင်းလည်းဖြစ်နိုင်သည်ဟု ပေးပို့သော သတင်းအစီရင်ခံစာဖော်ပြချက်အရ စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။ မီးရထားလမ်းချော်မှုသည် ဗလင်စီယာမြို့ မြေအောက်မီးရထား လိုင်းအမှတ် ၁လိုင်းတွင်ဖြစ်ပွားခြင်း ဖြစ်သည်။ ယင်းနေရာမှ လူ ၁၅၀ခန့်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ရဲတပ်ဖွဲ့သည် ယင်းနေရာအား ကန့်သတ်ထားလိုက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်းရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန်၃၀ရက် မွန်းလွဲ ၁နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ)ရေကူးကန်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင် တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ပြီး ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စားဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ အာဆီယံပဋိညာဉ် စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပသည့် အာဆီယံ ပဋိညာဉ် စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းညွန့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းသိမ်းနှင့် ဌာနစုမှူး(၁) ဦးအောင်ကျော်မိုးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက CITIZEN KANE ရုပ်ရှင်ပြ၍ ဇာတ်ညွှန်းပညာဆွေးနွေးမည်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းဇာတ်ညွှန်းအခြေခံလွှာက လစဉ်ကျင်းပမြဲဖြစ်သော ဇာတ်ညွှန်း ပညာဆွေးနွေးပွဲကို အမှတ်စဉ်(၄) အဖြစ် ၂၀၀၆ခုနှစ် ဇူလိုင် ၈ရက် နံနက် ၁၁နာရီတွင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ကမ္ဘာ့ရုပ်ရှင်ပညာရှင်ကြီးများက သတ်မှတ်ထားသော CITIZEN KANE ရုပ်ရှင်ဇာတ်ကားကိုပြသ၍ ဟောပြောဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဇာတ်ကားတွင် ပြောင်မြောက်သော ဇာတ်ညွှန်းပိုင်းဆိုင်ရာ၊ ဓာတ်ပုံပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာ၊ ဆက်တင်ပိုင်းဆိုင်ရာ ပညာရပ်များပါဝင်သောကြောင့် ရုပ်ရှင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ကြည့်ရှု၍ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၃

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များနှင့် ပတ်သက်၍ ဝါရင့်အားကစားကလောင်ရှင် ဆရာမောင်ရဲဝင်း (ဦးထွန်းသာ)၏ သုံးသပ်မှုအမြင်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်များအတွက် တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

"အကြိုဗိုလ်လုပွဲမှာ ဂျာမနီနှင့်ပြင်သစ်တို့ အနိုင်ရနိုင်တယ်။ ဗိုလ်လုပွဲမှာ ဒီနှစ်သင်းဆုံနိုင်တယ်"

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဥရောပအသင်း လေးသင်း ဘယ်သူဗိုလ်စွဲမလဲ

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ဘောလုံးရသ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကစားခဲ့မှုနှင့်ပတ်သက်ပြီး မေးမြန်းရာ မောင်ရဲဝင်းက **"အုပ်စုပွဲတွေမှာ ပိုလန်နဲ့ချက်အသင်းတွေ ပြုတ်သွားတာ သိပ်နာတယ်။ ပိုလန် အသင်းက ကစားတာကောင်းတယ်၊ ကစားတတ်တယ်၊ အုပ်စုက တက်သင့်တယ်၊ ဒီလိုပဲ ချက်အသင်းလဲ မပြုတ်သင့်ဘူး၊ ချက်အသင်းဟာ အရည်အချင်းရှိတဲ့အသင်း၊ အဆင့်အတန်းရှိတဲ့ အသင်းပါ။ ကစားတဲ့ ပညာလဲကောင်းတယ်၊ ကစားအားလဲရှိတယ်၊ ဂါနာ တက်သွားတဲ့အတွက် ဘရာဇီးတို့ချောင်သွား တာပေါ့၊ ဒီအသင်းတွေပြုတ်သွားတာ ကမ္ဘာ့ဖလားရသ နည်းနည်း ပျက်သွားတယ်"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကွာတားပွဲစဉ်များ

တစ်ဖန် ကွာတားအဆင့်ပွဲစဉ်များ အပေါ်မေးမြန်းရာ **"ကွာတားမှာ ဆွစ်ဇာလန်နဲ့ စပိန်ပြုတ်သွားတာနာတယ်၊ ဒီနှစ်သင်းမှာ ကစားသမားကောင်းတွေပါတယ်၊ ကစားတာလဲကောင်းတယ်၊ ဒီနှစ်မှာခြေစွမ်းပြနိုင်တဲ့အသင်းတွေပါ၊ တိုက်စစ်၊ ခံစစ်ပြောစရာမရှိဘူး၊ ပြုတ်သွားတာ နစ်နာတယ်။ ဒီလိုပဲ အင်္ဂလန်အသင်းလဲ ကွာတားမှာ မပြုတ်သင့်ဘူး၊ ခြေစွမ်းမှာ အင်္ဂလန်သာတယ်။ တစ်ဦးချင်းအလိုက်၊ နေရာအလိုက် ပေါ်တူဂီထက်သာတယ်။ ဒါပေမယ့် နည်းစနစ်အပိုင်းကျတော့ အင်္ဂလန်က အားနည်းတယ်။ ဒါကြောင့်ရှုံးတာ၊ အင်္ဂလန်အသင်း နည်းစနစ် ကောင်းကောင်းနဲ့ကစားရင် အချိန်ပို၊ ပယ်နယ်တီအထိ မရောက်နိုင်ဘူး၊ လူလဲအထုတ်မခံရဘူး၊ ပယ်နယ်တီမှာလဲ အင်္ဂလန်တွေ ဘောလုံးအထာမညက်ဘူး ဖြစ်နေတယ်။ ပေါ်တူဂီ ဂိုးသမားက ဘယ်သန်၊ ဘယ်ဘက်ကိုသွင်းတဲ့ နှစ်ဂိုးစလုံး ကာကွယ်နိုင်တယ်။ ဒါကို နောက်တစ်လုံး ဘယ်ဘက်ပဲ ထပ်ကန်တယ်။ မှားတာပေါ့၊ တကယ်တမ်း အင်္ဂလန် ကွာတားကတက်ပြီး ပြင်သစ်နဲ့တွေ့ရမှာ"** ဟု ပြောပြသည်။

အတွေ့အကြုံ

ထို့အပြင် **"ပြင်သစ်နဲ့ ဘရာဇီးပွဲလဲ အတူတူပဲ၊ ဘရာဇီးတက်ရမှာ၊ ဒါပေမယ့် အွန်နရီ၊ဗီယာရာနဲ့ ဇီဒန်းတို့က ပွဲကစားတာ အတွေ့အကြုံများတယ်။ ရော်နယ်ဒို၊ ကားလို့စ်နဲ့ ကာဖူးတို့ဟာ စပိန်ပြည်တွင်းလိဂ်ပွဲတွေမှာ ပွဲတိုင်း မကစားရတော့ဘူး၊ ခြေကျလာပြီး နောက်ပြီး ပြင်သစ်တို့က ဘယ်ပွဲဘယ်လိုခြေထုတ်ရမယ် ဆိုတာ သိတယ်။ ဒါကြောင့် နိုင်သွားတာ"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြင်သစ်

ယခုအကြိုဗိုလ်လုပွဲစဉ်များနှင့် ပတ်သက်၍လည်း မောင်ရဲဝင်းက **"ပြင်သစ်နဲ့ပေါ်တူဂီပွဲမှာ ပြင်သစ်နိုင်ဖို့ အလားအလာရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘရာဇီးနဲ့ ပေါ်တူဂီတို့က ကစားပုံတူတယ်။ တစ်လိုင်းတည်း ကစားတတ်ကြတယ်။ ဘရာဇီးကို အနိုင်ယူထားတဲ့ ပြင်သစ်ဟာ ပေါ်တူဂီကိုလဲ အနိုင်ကစားသွားမှာပါ။ ဂျာမနီနဲ့အီတလီ ပွဲကတော့ အကြိတ်အနယ် ကစားရမယ့်ပွဲပဲ၊ ပွဲကောင်း တစ်ခုဖြစ်မယ်၊ အချိန်ပိုနဲ့ ပယ်နယ်တီအထိရောက်သွားနိုင်တယ်။ အီတလီ နောက်တန်းကောင်းတယ်။ ဂိုးသမား ဘတ်ဖွန်းလဲ အစွမ်းပြနေတယ်။ ဂျာမနီနိုင်ရင်တောင် ကပ်ပြီး အနိုင်ရသွားမှာပါ"**ဟု ရှင်းပြသည်။

ဗိုလ်လုပွဲ

ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ မည်သည့်အသင်းများတက်ရောက်လာနိုင်သည်ကို မေးမြန်းရာ **"ဂျာမနီနဲ့ ပြင်သစ်တို့တွေ့ဖို့ အလားအလာအများကြီးရှိတယ်။ ဒီလိုဆုံတွေ့ခဲ့ရင် ဂျာမနီကအိမ်ရှင်ဖြစ်လို့ ပရိသတ်အားသာချက်ရှိသလို ပြင်သစ်အသင်းကလဲ ပရိသတ်ရှိတယ်။ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံက စက်ဘီးနဲ့စီးပြီးသွားရင် ရောက်တယ်။ လမ်းလျှောက်သွားရင်တောင်ရတယ်။ ဒီလောက် ကပ်နေတာ၊ ဒါကြောင့် ပရိသတ်အားအရဆို မျှနေတယ်။ ကစားသမားတွေကိုကြည့်ရင် ကလိုဆေးဟာ အွန်နရီကို မယှဉ်နိုင်ဘူး၊ အလယ်တန်းမှာ ဗီယာရာနဲ့ ဇီဒန်းတို့ကလဲ အားသာတယ်။ ဥရောပအတွေ့အကြုံမှာ ပြင်သစ်တို့ ကသာတယ်။ ဒါပေမယ့် ၁၉၇၄ ချန်ပီယံ ဂျာမနီဗိုလ်စွဲနိုင်သလို၊ ၁၉၉၈ ချန်ပီယံပြင်သစ်လဲ ဗိုလ်စွဲနိုင်တာပဲ၊ နိုင်ခြေက ရာနှုန်း ၅၀/၅၀ ပဲ ရှိနေတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲ ပထမပွဲစဉ်နှင့်သူတို့အမြင်

ရန်ကုန် ဇူလိုင် ၃

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ဖြစ်သည့် အိမ်ရှင်ဂျာမနီနှင့် အီတလီပွဲနှင့်ပတ်သက်၍ အမြင်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်းသူ မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

"ဂျာမနီက အဘက်ဘက်က ပြည့်စုံနေတယ်။ ဂျာမနီ တိုက်စစ်ကောင်းသလို အီတလီခံစစ်ကမာတယ်၊ ဒီနှစ်သင်း အချိန်ပိုနဲ့ ပယ်နယ်တီအထိ သွားနိုင်တယ်။ အပြတ် ပြောမရတဲ့ပွဲပါ"

မျိုးလှိုင်ဝင်း (မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း)

"ဂျာမနီက ပရိသတ်အားနှင့် ကစားမှာ ဆိုပေမယ့် အီတလီက အသင်းလိုက် ကစားအားရှိတယ်။ အီတလီကို ဂျာမနီတို့ မလွယ်ဘူး ထင်တယ်။ အီတလီတို့က ကစားတတ်တယ်၊ ကျစ်လျစ်မှုလဲရှိတယ်။ အီတလီအရေးသာသွားနိုင်တယ်။

ကြည်သာ (ပွဲကြိုက်ခင်) ရုပ်ရှင်သရုပ်ဆောင်



"ဂျာမနီအသင်းက အိမ်ရှင်လဲ ဖြစ်တယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းထက်တယ်။ အီတလီက ထိပ်တန်းအသင်း ဖြစ်ပေမယ့် ဂျာမနီကို အနိုင်မရနိုင်ဘူး ထင်တယ်။ ဒီပွဲမှာ ဂျာမနီ အနိုင်ရသွားမှာပါ"

အောင်ကျော်မိုး (အလယ်တန်းကစားသမား၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

"နှစ်သင်းစလုံး အဆင့်မြင့် ကစားနိုင်ကြတယ်။ ဂျာမနီက အိမ်ရှင်ဖြစ်တယ်။ စုစည်းမှုနဲ့ စိတ်ဓာတ် ပိုမို မြင့်မားနေတယ်။ အီတလီအနေနဲ့ ဂျာမနီကို မကျော်နိုင်ဘူး ထင်တယ်"

ဦးဘရီ(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်ကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)

"ဂျာမနီက အိမ်ရှင်ဖြစ်တော့ အားသာတယ်။ ကစားတာလဲကောင်းတယ်၊ တိုက်စစ်မှာ ဂျာမနီ သာတယ်။ စိတ်ဓာတ် အပိုင်းမှာ ဂျာမနီတို့ မြင့်မားလို့ ဒီပွဲမှာ နိုင်သွားမှာပါ။ အီတလီ သရေတောင် မလွယ်ပါဘူး"

မောင်အောင်ဟိန်း(ပထမနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)

"ဂျာမနီကို သဘောကျတယ်။ ရှေ့၊ လယ်၊ နောက် ပြောစရာ မရှိဘူး၊ ဂိုးသွင်းခြေလဲ ထက်မြက်တယ်။ အီတလီကို ဂျာမနီ အနိုင်ရသွားမှာပါ"

ဆန်းထွန်း (သရုပ်ဆောင်) စီးတီးအက်ဖ်အမ်

"ဂျာမနီကို ပိုကြိုက်တယ်။ ကစားအား၊ တိုက်စစ်၊ စိတ်ဓာတ်နဲ့ အိမ်ရှင်ဆိုတဲ့ အချက်တွေရှိနေတယ်။ အီတလီကို ဂျာမနီတို့ အနိုင်ရသွားမယ် ထင်တယ်"

ကိုလတ် (အိုလံပစ်အားကစားဂျာနယ်၊ အယ်ဒီတာ)

"အသင်းလိုက်မှာ ဂျာမနီက သာတယ်။ အီတလီလဲ ထိပ်တန်းအသင်းပါ။ ဒါပေမယ့် ဂျာမနီတိုက်စစ်က ပိုထက်မြက်တယ်။ ကလိုဆေးနဲ့ ပိုဒေါစကီးတို့ အတွဲညီနေတယ်။ ဂျာမနီအနိုင်ရမယ့်ပွဲပါ"

စိုးမိုး (IBC) အားကစားကလောင်ရှင်

"အီတလီကို ပိုကြိုက်တယ်။ အီတလီက တစ်ပွဲထက်တစ်ပွဲ ခြေမှန်ပြီး ရလဒ်တွေလဲ ကောင်းလာတယ်။ တည်ငြိမ်မှုလဲရှိ တယ်။ ဂျာမနီ ကစားတာ ကောင်းပါတယ်။ ဒါပေမယ့် အီတလီ အနိုင်ရမယ်ထင်တယ်"

နေမျိုးဆေး (ပန်းချီဆရာနှင့်အဆိုတော်)

ဂျာမနီတိုက်စစ်ကောင်း၊ အီတလီခံစစ်မာ အီတလီက ခြေမှန်ပြီး ရလဒ်တွေကောင်း နှစ်သင်းစလုံး အဆင့်မြင့်မြင့် ကစားနိုင်ကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ကိုးကွယ်ယုံကြည်ခွင့်ရှိကြောင်း ထုတ်ပြန် ကြေညာချက်နှင့် (၄) (၂၉၅)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့၏ မြန်မာနိုင်ငံအပေါ် မတရားဆုံးဖြတ်ချက်၌ မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ပိတ်ဆို့နှောင့်ယှက်မှုများနှင့် လူကုန်ကူးမှုကိစ္စများ ထပ်မံဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများရရှိနိုင်သဖြင့် ILO၏ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း သဘောထား ကြေညာချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း။

ယခုလည်း မြန်မာနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်စေလိုသည့် ရည်ရွယ်ချက်နှင့် စွပ်စွဲချက်အမျိုးမျိုးဖြင့် အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် သတင်းမှားကို ပြုပြင်ပုံကြီးချဲ့ခြင်းအားဖြင့်လည်းကောင်း၊ ဆန့်ကျင်ဘက်အဖွဲ့များ၏ လုပ်ကြံဖန်တီးထားသော သတင်းများ ပေါင်းစပ်ခြင်းဖြင့်လည်းကောင်း ဝေဖန်စွပ်စွဲချက်များပါသည့် အစီရင်ခံစာနှင့် စာတမ်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများကို တင်သွင်းနေကြောင်းတွေ့ရှိရပါကြောင်း။

ဝေဖန်စွပ်စွဲ

ယင်းကဲ့သို့ စာတမ်းများ၌ပါဝင်သည့် ဝေဖန်စွပ်စွဲချက်များကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် သုံးသပ်တင်ပြလိုပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ဝေးလံခေါင်ဖျားဒေသရှိ တိုင်းရင်းသားလူမျိုးစုများကို စောင့်ရှောက်ရန် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများအတွင်း လမ်းဖောက်ခြင်း၊ ဆည်မြောင်း တာတမံများတည်ဆောက်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ပေးခြင်းများသည် အဆိုပါဒေသများရှိ တိုင်းရင်းသားများအပေါ် နိုင်ငံတော်မှ အခြေခံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားမျိုးနွယ်စုများနှင့် တွေ့ဆုံဆွေးနွေးလျက် တိုင်းရင်းသားလူမျိုးများအတွက် လိုအပ်ချက်များကို အစဉ်အမြဲဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အမျိုးသားညီလာခံကြီးတွင်လည်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များသည်ပါဝင်တက်ရောက်ဆွေးနွေးနေကြပါကြောင်း၊ ယင်းအချက်များသည် တိုင်းရင်းသားမျိုးနွယ်စုများအပေါ် နိုင်ငံတော်က စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နေပြီး မျိုးနွယ်စုငယ်များအဖြစ် လျစ်လျူရှုမထားကြောင်း ထင်ရှားသည့်သာဓကပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးဖြုတ်စစ်ဆင်ရေး ပြုလုပ်နေကြောင်း၊ စွပ်စွဲချက်များသည် လုံးဝမှားယွင်းနေပါကြောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကိုတည်ဆောက်နိုင်ခဲ့၍ လူမျိုးစုများနေထိုင်ရာ ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုများကိုသိသာထင်ရှားစွာ မြင်တွေ့နိုင်ကြပြီလည်း ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်အရှိဆုံး တိုင်းပြည်များစာရင်းတွင် မြန်မာနိုင်ငံကိုထည့်သွင်းစွပ်စွဲထားကြောင်း၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းလျက် မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံ၏အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစိုက်မတ်မတ်ဆောင်ရွက်နေသည်ကို မျက်ကွယ်ပြုပြီး ဝေဖန်စွပ်စွဲထားခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်း မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်ခြောက်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာရေးထိုးလျက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှား၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ရေးတို့ကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထက်ပါ ဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှာရော ဒေသတွင်းမှာပါ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်နေကြောင်းကို တွေ့ရှိရပါကြောင်း။

အမှာစကားပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အခြေအမြစ်မရှိ

HIV/AIDS နှင့် ဆက်နွယ်သည့် စွပ်စွဲချက်များသည် မှားယွင်းသည့် သတင်းအချက်အလက်များပေါ်တွင် အခြေခံထားကြောင်းကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ကျန်းမာရေးပညာပေးလုပ်ငန်း၊ ခုခံအားကျဆင်းရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်း၊ ကွန်ဒုံးသုံးစွဲမှုမြှင့်တင်ရေးနှင့် အန္တရာယ်ရှိသော အပြုအမူများလျှော့ချရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် WHO, UN-AIDS တို့မှ ကျွမ်းကျင်သူများပါဝင်သည့် HIV ပိုး ကူးစက်ပြန့်ပွားမှုခန့်မှန်းတွက်ချက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ HIV/AIDS ဖြစ်ပွားမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျသွားပြီဖြစ်ခြင်းကြောင့် ဒေသတွင်း HIV/AIDS ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေကြောင်း စိုးရိမ်စရာနိုင်ငံအဖြစ် စွပ်စွဲခြင်းသည် အခြေအမြစ်မရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်၍ အခြေအနေမှန်များကို မိမိတို့အသိဆုံးပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကာကွယ်တားဆီးရေး ဥပဒေကိုလည်းပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ် မေလအထိ အရေးယူမှု ၆၈၄ မှုတွင် တစ်ကျွန်းပြစ်ဒဏ် နှစ်ဦးနှင့် ၁၀ နှစ်အထက် ထောင်ဒဏ် ၉၉ ဦး အပါအဝင် ၁၉၂၀ ကိုလည်း ထိထိရောက်ရောက် အရေးယူခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ တားဆီးကာကွယ်မှုအပိုင်းတွင် မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များပါဝင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းပြီး ပညာပေးဆွေးနွေးခဲ့သူ ၈ ဒသမ ၃ သိန်းနှင့် တားဆီးနိုင်ခဲ့သူ ၂၈၈၄၀ ရှိပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများ၏ ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

စိန်ရတုခန်းမဉ္ဇကျင်းပ

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဉ္ဇကျင်းပစဉ်။
(သတင်းစဉ်)

တစ်ပြည်သူမရွေးထား(သို့မဟုတ်)တိုင်းပြည့်အန္တ

ကျီးကန်းတို့သည် အကျင့်ယုတ်၏။ အလစ်လည်းသုတ်တတ်သည်။ တစ်ကောင်အဖမ်းခံထိပါက မှန်သည် မှားသည် မစဉ်းစားဝိုင်း၍"အာ"တတ်ကြသည်။ အနောက်ဆရာကြီးများနှင့် ပြည်တွင်းပြည်ပ အဖျက်သမားများသည် ထိုနည်းတူဖြစ်၏။ ယခုအခါ ဒေါ်စုကြည် လွှတ်ပေးရေး ဘေးမှဝိုင်းပြီး"အာ"နေကြသည်။

တစ်ချိန်သောအခါက ဗကပသည် မြန်မာပြည်အတွက် အန္တရာယ်ဖြစ်ခဲ့၏။ ယနေ့ကာလတွင် နိုင်ငံအတွက် အန္တရာယ်အကြီးဆုံးမှာ ဒေါ်စုကြည်နှင့်NLD ပါတီ ဖြစ်နေသည်။

ဗကပမှာ လက်ဝဲလမ်းစဉ် ကွန်မြူနစ်ဝါဒ၊ NLD မှာ လက်ယာလမ်းစဉ် အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒ၊ အရှေ့နှင့်အနောက်လိုဖြစ်ကြသောကြောင့် မဟာမိတ်မဖြစ်ခဲ့ကြသော်လည်း ဒေါ်စုကြည်နှင့် သခင်သန်းထွန်းမှာ တူအရီးတော်စပ်နေကြသဖြင့် တူညီချက်ပေါင်းများစွာရှိနေသည်။ သူတို့နှစ်ဦးသည် ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက်ရာတွင်လည်း တူကြ၏။ တစ်ဦးက ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်၊ ကျန်တစ်ဦးက လက်နက်ကိုင်လမ်းစဉ် ကိုင်စွဲပြီး တည်ဆဲအစိုးရများကို ဆန့်ကျင်ရာ၌လည်းတူကြ၏။ သခင်သန်းထွန်းက ကွန်မြူနစ်ဝါဒမှိုင်း၊ ဒေါ်စုကြည်က အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒမှိုင်း မိနေကြသောကြောင့် အမျိုးသားရေး ဝါဒ (အမျိုးသားနိုင်ငံရေး)ကို ရေးရေးမျှမမြင်၊ စုံလုံးကန်းဖြစ်နေကြခြင်းမှာလည်း တူနေကြပြန်၏။ သခင်သန်းထွန်းက လက်ဝဲအမှား၊ ဒေါ်စုကြည်က လက်ယာအမှား မှားတာချင်းလည်း တူသည်။ ထို့ပြင် သခင်သန်းထွန်းနှင့် ဗကပသည် ခေါင်းနှင့်ပန်း ဖြစ်သလို၊ ဒေါ်စုကြည်နှင့် NLDမှာလည်း စွယ်တော်ရွက်လို ဖြစ်နေကြသည်။

ဗကပနှင့် သခင်သန်းထွန်း

ဗကပသည် နှစ်ပေါင်း ၄၀ ခန့် သခင်သန်းထွန်းအား ခေါင်းဆောင်တင်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ရာ သိုက်ဆရာလေ့ပေါ်တင်မိသောကိန်း ဆိုက်ခဲ့ရပြီး ယုံမိ၍ ပုံမိသူ အပေါင်း ဘဝပျက်ခဲ့ရသည်။ တိုင်းပြည်သည်လည်း စစ်မီးတောက်လောင်ပြီး အရိုးတောင်လိုပုံ၍ ပြာပုံဘဝရောက်ခဲ့ရသည်။ သခင်သန်းထွန်းမှာလည်း ဇာတ်သိမ်း မကောင်းခဲ့၊ ဗကပသည်လည်း မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားခဲ့ရပေသည်။ သခင်သန်းထွန်းသည် အသေစောခဲ့သောကြောင့် သူ့ပါတီ၏ နောက်ဆုံးအခြေအနေများကို သိခွင့်မရခဲ့၊ အသေမစောခဲ့သော် သခင်သန်းထွန်း၏ နောက်ဆုံးနေ့များသည် ရဲဘော်ဌေးနှင့် ဂိုရှယ်တို့ ဘဝမျိုးထက် ဆိုးမည်မှာ သေချာနေ၏။

ဗကပကျရှုံးရခြင်းမှာ ပုဂ္ဂိုလ်အရ သခင်သန်းထွန်းတွင်တာဝန်ရှိ၍ တရားအရမှာ ကွန်မြူနစ်ဝါဒနှင့် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဟုဆိုကြသည်။ ဤသို့ဖြစ်ခဲ့ရခြင်းကို သခင်သန်းထွန်းက သူ၏ဝါဒနှင့် လမ်းစဉ် မှားသောကြောင့်မဟုတ်၊ ဆိုင်ရာအစိုးရများ၏ မတရား ဖိနှိပ်မှုကြောင့်ဟု ကောက်ချက်ချသည်။ ဤနည်းဖြင့် သခင်သန်းထွန်းသည် အရင်းရှင်ပေါက်စဉာဉ်ဖြင့် မိမိအမှားကို ဖုံးကွယ်ပြီး ကိုယ်လွတ် ရုန်းခဲ့သော်လည်း ကံကြမ္မာကို ပြေးမလွတ်နိုင်ခဲ့၊ သခင်သန်းထွန်းနှင့် ဗကပကျရှုံးရခြင်းကို ဝေဖန်သူအများစုက ကွန်မြူနစ်ဝါဒနှင့် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဟု ဆိုကြသော်လည်း တကယ်အစစ်အမှန်တရားမှာ သခင်သန်းထွန်းသည် ကွန်မြူနစ်ဝါဒ မှိုင်းမိနေသောကြောင့် ကွန်မြူနစ်အမြင် (Communist Vision) သာ ရှိနေသည်။ ထိုမှိုင်းနှင့် အမြင်တရားကြောင့် အမျိုးသားရေးဝါဒ (အမျိုးသားနိုင်ငံရေး)ကို လေးနက်စွာ ခံယူကျင့်သုံးရကောင်းမှန်း မသိတော့ဘဲ ဝါဒ၏သားကောင်အဖြစ်သို့ရောက်ရှိပြီး အမျိုးသားရေးကို သစ္စာဖောက်မိခြင်း အဖြစ်သို့ ရောက်ရှိ ရတော့သည်။ ထို့ကြောင့် သခင်သန်းထွန်းနှင့် ဗကပ ကျရှုံးရခြင်း အကြောင်းရင်းအစစ်မှာ အမျိုးသားရေးဝါဒ(အမျိုးသားနိုင်ငံရေး)အမြင် ကင်းမဲ့ခဲ့မှုကြောင့်သာဖြစ်သည်။ သခင်သန်းထွန်းနည်းတူ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးခဲ့သူတိုင်းသည်လည်း ဤအမှားမျိုးကို ကျူးလွန်မိခဲ့ကြသည်။

NLD ၏နောက်ဆုံးနေ့များ

ယနေ့ ဒေါ်စုကြည်နှင့် NLDပါတီသည်လည်း ဗကပ၏ နောက်ဆုံး အခြေအနေမျိုးသို့ နီးကပ်လာနေပြီဖြစ်၏။ နေ့စဉ်လိုပင် ပါတီဝင်များ နုတ်ထွက်လွှာတင်နေကြသဖြင့် ပါတီသည်"ပရုပ်လုံး" လို ဖြစ်လာနေသည်။ ဤအခြေအနေဆိုးသို့ ဆိုက်ရောက်လာရခြင်းမှာ ဒေါ်စုကြည်၏အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒကိုအခြေခံသည့် (၁)ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်၊ (၂) ပြည်ပအားကိုးရေးလမ်းစဉ်တို့ကြောင့် ဖြစ်သည်။ ဤလမ်းစဉ်များသည် တည်ဆဲအစိုးရ၏ အမျိုးသားနိုင်ငံရေးလမ်းစဉ်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ယခုအခါ NLD ပါတီသည် တစ်ဖက်ပိတ်နေသော ဝါးလုံးခေါင်းထဲဝင်မိသလို ဘက်ပေါင်းစုံ ဘေးကျပ်နံကျပ် ဆိုက်လာနေသည်။ ထို့ကြောင့် ဒေါ်စုကြည်၏ နောက်ဆုံးနေ့များသည် သခင်သန်းထွန်း၏ နောက်ဆုံးနေ့များထက် စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ် ဖြစ်လာပေတော့မည်။ ဤသို့ဖြစ်ရခြင်းမှာ မည်သူ့ကြောင့်နည်း?။

မင်းမဲ့ပါတီ

NLDပါတီသည် ပါတီဟုဆိုသော်ငြားလည်း တိကျရေရာသော ဝါဒ (Ism) မရှိ။ ဒီမိုကရေစီမှာ အကြောင်းတရားမဟုတ်၊ အကျိုးတရား။ ထို့ပြင် ဒီမိုကရေစီမှာ ဝါဒ(Ism) မဟုတ်။ It is a Guide to action ၎င်းသည် အလုပ်လမ်းညွှန်သာ ဖြစ်၏။ ဒီမိုကရေစီကို ဝါဒ(Ism)ဟူ၍ လည်းကောင်း၊ အကြောင်းတရားဟူ၍လည်းကောင်း ထင်မှတ်သူသည် နိုင်ငံရေးဖိုးသုညသာ ဖြစ်၏။ ပါတီတည်ဆောက်ထားပုံမှာလည်း ဖဆပလနှင့် မဆလပါတီများကဲ့သို့ အဆင့်မရှိ။ စည်းကမ်းစနစ်မကျ၊ ဖရိုဖရဲ၊ ရပ်ကွက်အတွင်းမှ လူမှုရေးအသင်းလိုဖြစ်နေသည်။ ပါတီတွင်းဒီမိုကရေစီ မရှိ။ အစဉ်အလာနှင့် ဝါရင့်နိုင်ငံရေးသမား ဆိုသည်မှာ ချိုနဲ့လားဟု မေးရမည်။ ပါတီဝင်အများစုမှာ မဆလပြုတ်၊ ဗကပထွက်၊ တပ်ထွက်၊ မင်းမဲ့ဝါဒသမားများနှင့် စစ်တပ်မုန်းတီးရေး သမားများ ဖြစ်ကြသည်။ ၎င်းတို့အားလုံး၏ ဘုံတူညီချက်မှာ တပ်မတော် ဖယ်ရှားရေး၊ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဒီမိုကရေစီ ထူထောင်ရေးဖြစ်သည်။ ထို့ကြောင့် မင်းမဲ့ပါတီဆိုသည်မှာ ဒေါ်စုကြည် ခေါင်းဆောင်သော NLD ပါတီကိုခေါ်၏ဟု ဆိုရချေသည်။

Mandate ပိုင်သော အာဏာရှင်

NLDပါတီသည် အောင်စုတင်လက်ကျန်တစ်စု ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ပါတီဖြစ်သည်။ ပါတီတစ်ရပ်လုံးကို CEC က ဦးဆောင်၍ CEC ကို ဒေါ်စုကြည်က ခေါင်းဆောင်နေသည်။ ဤနည်းဖြင့်ပါတီသည် ဒေါ်စုကြည်၏လက်ခုပ်အတွင်းမှရေဖြစ်သွားပြီး Mandate ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သူမသည် ထာဝရ Mandate ပိုင်ရှင်ဖြစ်သွား၏။ ထို့ကြောင့် အာဏာရှင်စနစ်ကို မုန်းတီးလှပါသည်ဆိုသော ဒေါ်စုကြည်သည် မိမိကိုယ်တိုင် Mandate ပိုင်သော အာဏာရှင်ဖြစ်လာတော့သည်။ ပါတီတွင်း၌ အရေးကြီးကိစ္စများ ဆုံးဖြတ်ချက်ချရာတွင် CECသည် ရပ်ပြ၊ ဒေါ်စုကြည်သည်အဓိက၊ သူမဆန္ဒ မပါက ဘာမျှ လုပ်၍မရ။ ဤအခြေအနေများကြောင့် CEC အတွင်း၌ အများဆန္ဒဖြင့် ဆုံးဖြတ်ခြင်းဟူသော ဒီမိုကရေစီကျင့်စဉ် ထုံးစဉ်လာသည် ပျောက်ကွယ်၍ သူမ၏ ဆန္ဒနှင့်သဘောထားကို CEC က အလိုက်သိစွာဖြင့် လိုက်လျောပေးရခြင်းသည် လက်တွေ့ လုပ်ထုံးလုပ်နည်းဖြစ်နေသည်။ ဒေါ်စုကြည်က NLD ပါတီကို Mandate ဖြင့် အုပ်ချုပ်နေသောကြောင့် ရိုးသားစွာ ဒီမိုကရေစီကိုလိုချင်၍ ပါတီဝင်ခဲ့သူများသည် ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးအဖြစ်မျိုးနဲ့ ကြုံကြရသည်။ ဒီမိုကရေစီရရှိရေးအတွက် လုပ်ဆောင်နေသော ပါတီတစ်ခုအတွင်း၌ ဒီမိုကရေစီမိုးမှောင်ကျနေပြီ ဆိုပါက ထိုပါတီ၏ ဒီမိုကရေစီရရှိရေး ကြွေးကြော်သံကို မြစ်ထဲမှာ ရေရှိတယ်ဆိုရင်တောင် ပြေးကြည့်ပြီးမှ ယုံရပေတော့မည်။

ပဒကုသလဇာတ်

ဒေါ်စုကြည်သည် နိုင်ငံရေးခေါင်းဆောင် ရှားပါးသောခေတ်မို့ ခေါင်းဆောင်ဖြစ်လာသော်လည်း ခေါင်းဆောင်ကောင်း အရည်အချင်းများစွာ လိုအပ်နေသေးသည်။ နိုင်ငံရေးနဲ့ ပတ်သက်၍ ဝါ၊ သဘာ၊ သတ္တိ၊ အတွေ့အကြုံနှင့် သမိုင်းအစဉ်အလာတို့တွင် သခင်သန်းထွန်း၊ သခင်စိုးတို့နှင့်နှိုင်းသော် သူမ၏အတွေ့အကြုံနှင့် သမိုင်းအစဉ်အလာမှာ နှစ်ပိုင်းတစ်ပိုင်းသာ ရှိသည်။

ပုဂ္ဂိုလ်အရ ဗကပကျရှုံးရခြင်းမှာ သခင်သန်းထွန်း၊ အလံနီကျရှုံးရခြင်းမှာ သခင်စိုး၊ NLD ကျရှုံးရခြင်းမှာ ဒေါ်စုကြည်ဖြစ်၏။ ဤအချက်ကို သူမအား ပုဂ္ဂိုလ်စွဲရှိသူများက အမှန်မမြင်နိုင်၊ NLDသာ မှားကောင်းမှားနိုင်သည်။ ဒေါ်စုကြည်သည် ဘယ်တော့မျှ မမှား၊ သူမသည် ဒီမိုကရေစီနတ်သမီးတစ်ပါးဟု ထင်မှတ်မှားနေကြသည်။ လက်တွေ့သည် အမှန်တရား၏မှတ်ကျောက်၊ NLD မှားသောကြောင့် ဒေါ်စုကြည် မှားခြင်းမဟုတ်၊ ဒေါ်စုကြည် မှားသောကြောင့်သာ NLD မှားခြင်းဖြစ်ကြောင်း ပကတိရုပ်တရားက ထင်ရှားပြနေသည်။ အကြောင်းကြောင့် အကျိုးပေါ်ထွန်းရ၏။ အကြောင်းတရားတွင် အတွင်းအကြောင်းတရားနှင့် အပြင်အကြောင်းတရားဟူ၍ နှစ်မျိုးရှိနေရာ အတွင်းအကြောင်းတရားသည် အဓိက၊ အပြင်အကြောင်းတရားသည် သာမည‌ဖြစ်သည်။ လောင်စာရှိသောကြောင့် မီးလောင်ခြင်းဖြစ်ရာ လောင်စာနှင့်တူသော ဒေါ်စုကြည်က ပါတီကိုဦးဆောင်နေခြင်းကြောင့် မီးလောင်ခံရခြင်းဖြစ်သည်။ ဤ အကြောင်းမှန်ကို သိနေကြသော ဝါရင့်၊ ဝါနု (မျိုးဆက်သစ်)နှင့် ပါတီတွင်းမှ ခွပ်ဒေါင်းဆိုသူများသည် နိုင်ငံရေးစားခွက်ပျောက်သွားမှာ စိုးကြောက်ကြသဖြင့် ရဲဝံ့စွာ ဝေဖန်ရဲခြင်းမရှိကြ။ ပဒကုသလ ဇာတ်ခင်းကုန်ကြသည်။ အမှန်ကို ဝေဖန်ရဲခြင်း မရှိသူသည် ဒီမိုကရေစီကို ချစ်မြတ်နိုးသူမဟုတ်၊ ဒီမိုကရေစီမျက်နှာဖုံးစွပ်ထားသော အချောင်သမားနှင့် နိုင်ငံရေးစားဖားများသာဖြစ်သည်။ အလံနီပါတီတွင် သခင်စိုးအား ဝေဖန်သူသည် မင်းရှိဗစ်၊ ဗကပတွင် သခင်သန်းထွန်းအား ဝေဖန်သူသည် ပြန်လည်ပြင်ဆင်ရေးသမား၊ NLDပါတီတွင် ဒေါ်စုကြည်ကို ဝေဖန်သူသည် ဒီမိုကရေစီအဖျက်သမားဟု ဘယ်လိုပင် တံဆိပ်ကပ်ကြသော်လည်း တံဆိပ်ကပ်ခံရသူများဘက်မှ မှန်၍ တံဆိပ်ကပ်ပေးသူများ ဘက်မှ မှားကြောင်းသမိုင်းက သက်သေပြခဲ့ချေပြီ။

ခွပ်ဒေါင်းနှင့်စစ်တကောင်း

ရှေးယခင်ကာလတုန်းက ခွပ်ဒေါင်းတို့သည် သမိုင်းရာဇဝင်ပြောင်ခဲ့ကြသည်။ အမျိုးသားရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှပါဝင်ခဲ့ပြီး သတ္တိသွေးကိုပြခဲ့ကြသည်။ ထို့ကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူ၏ဒေါင်းဋီကာတွင် "ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေ မြစေသော၊ ဒေါင်းအိုးဝေရယ်နှင့် တွန်စေ ကစေသော"ဟု ချီးကျူးရေးဖွဲ့ခဲ့သည်။ ယနေ့ NLDပါတီတွင်းမှ ခွပ်ဒေါင်းဆိုသူများမှာ ပြည်ပအားကိုးနေသော ပုဆိန်ရိုးများ ဖြစ်နေကြပြီး အမျိုး

မောင်စေတနာ (B

သားရေးကိုသစ္စာဖောက်သော ခွပ်ဒေါ
သည် ခွပ်ဒေါင်းအစစ်မဟုတ်။ ခွပ်
ပြည်ပနိုင်ငံများ၏ အိမ်တွင် မွေးစာ
စစ်တကောင်းများသာ ဖြစ်သည်။ ဤ
သိမြင်ကြပါက ဒေါင်းယောင်ဆောင်
ခတ်ကြလိမ့်မည်။

ဖခင်နှင့်သမီး ခြာ

ဗကပကိုဝေဖန်ရာတွင် သခင်
သလို NLD ကို ဝေဖန်ရာ၌လည်း ဒေ
သည်။ ဝေဖန်ရာတွင် ပုဂ္ဂိုလ်ရေးထ
သဘောတရားနှင့် အယူဝါဒရေးသည်
သည် အမျိုးသားခေါင်းဆောင်ကြီး ဗို
ဖြစ်သော်လည်း Genetic Theory
အောင်ဆန်း၏ ဗီဇနှင့် အရည်အ
ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ နေ
အမျိုးသားရေးဝါဒီတစ်ဦး ဖြစ်သော
(National Leader) ဖြစ်ခဲ့သည်။ ဝ
တည်းဖြစ်သဖြင့် နိုင်ငံရေးပြိုင်ဘက်မျ
ဒေါ်စုကြည်မှာ ထိုသို့မဟုတ်။ သူ
ကဲ့သို့ တပ်မတော်နှင့် တစ်သားတည်
အောင်ဆန်းခေတ်ပုံစံမျိုး ချိုး၍မရ။
မဟုတ်။ အမျိုးသားရေးကို ဆန့်ကျ
သောကြောင့် အနောက်တိုင်း ဒီမိုက
ဩဇာခံဖြစ်နေသည်။ သူမသည် အ
နိုင်ငံရေး)ကို ငြင်းပယ်သော လက်
(Liberal Leader) သာဖြစ်၏။ မျ
ရေးမှာ ဗိုလ်ချုပ်အောင်ဆန်းခေတ်ထ
နေသည်။ ဤအကြောင်းတရားမှာ
ဆင်ခေါင်းကို ကြောင် မချီနိုင်ခြင်း
သဘောတရားနှင့် အယူဝါဒမှန်ကန်

**USAနှင့် လစ်ဘရယ်ဂိုဏ်းသားများက သူမကိုလွှတ်ေ
နေကြခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့လှသည်။ လွှတ်ပေးမိပါက သူ
အန္တရာယ်၊ တိုင်းပြည်အတွက်လည်း အန္တရာယ်ဖြစ်သည်။ ဤ
သိနေပါလျက် လွှတ်ပေးရန် အတင်းအကျပ်တောင်းဆိုနေကြခြင်း
မရိုး၊ သူမနှင့် မြန်မာနိုင်ငံအတွက် ဆိုးကျိုးဖြစ်စေရန် ရှုံးတ
ဖြစ်၏။ ရှုံးတိုက်ခြင်းကိုထောက်ခံခြင်းဟု ထင်မှတ်ပြီး ခေါင်းမာ
ပါက ဘယ်သူမပြု မိမိမှုဖြစ်မည်။ ပြည်ပနိုင်ငံများသည် ဤနည
ချင်းကို အိုးမဲသုတ်ပြီး ဒေါ်စုကြည်အား ၎င်းတို့၏အကျိုးစီးပွားအ
နေခြင်းဖြစ်၏။**

ည့်အန္တရာယ်

မောင်စေတနာ (B.A, B.Ed)

သားရေးကိုသစ္စာဖောက်သော ခွပ်ဒေါင်းများ ဖြစ်ကြသည်။ ၎င်းတို့သည် ခွပ်ဒေါင်းအစစ်မဟုတ်။ ခွပ်ဒေါင်းယောင်ဆောင်နေသည့် ပြည်ပနိုင်ငံများ၏ အိမ်တွင် မွေးစားထားသော ဟင်းစားကြက် စစ်တကောင်းများသာ ဖြစ်သည်။ ဤဖြစ်ရပ်ကို ခွပ်ဒေါင်းအစစ်တို့ သိမြင်ကြပါက ဒေါင်းယောင်ဆောင်သော စစ်တကောင်းကို ပြစ်ဒဏ်ခတ်ကြလိမ့်မည်။

ဖခင်နှင့်သမီး ခြားနားချက်

ဗကပကိုဝေဖန်ရာတွင် သခင်သန်းထွန်းကို ချန်ထား၍မရသလို NLD ကို ဝေဖန်ရာ၌လည်း ဒေါ်စုကြည်ပါမှသာ ပြည့်စုံနိုင်သည်။ ဝေဖန်ရာတွင် ပုဂ္ဂိုလ်ရေးထက် သူမ ကိုင်စွဲထားသော သဘောတရားနှင့် အယူဝါဒရေးသည် အဓိကကျသည်။ ဒေါ်စုကြည်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သော်လည်း Genetic Theory အရ သူမတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဗီဇနှင့် အရည်အချင်း တစ်ဝက်သာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ နောက်လိုက်လက်ပါးစေမဟုတ်။ အမျိုးသားရေးဝါဒီတစ်ဦး ဖြစ်သောကြောင့် အမျိုးသားခေါင်းဆောင် (National Leader) ဖြစ်ခဲ့သည်။ တပ်မတော်နှင့်လည်းတစ်သားတည်းဖြစ်သဖြင့် နိုင်ငံရေးပြိုင်ဘက်များကိုလည်း အနိုင်ရရှိခဲ့သည်။ ဒေါ်စုကြည်မှာ ထိုသို့မဟုတ်။ သူမသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တပ်မတော်နှင့် တစ်သားတည်းမဖြစ်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းခေတ်ပုံစံမျိုး ချိုး၍မရ။ သူမသည် အမျိုးသားရေးဝါဒီ မဟုတ်။ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒီဖြစ်သောကြောင့် အနောက်တိုင်း ဒီမိုကရေစီကိုအထင်ကြီးပြီး ပြည်ပသြဇာခံဖြစ်နေသည်။ သူမသည် အမျိုးသားရေးဝါဒ (အမျိုးသားနိုင်ငံရေး)ကို ငြင်းပယ်သော လက်ယာ ဒီမိုကရေစီ ခေါင်းဆောင် (Liberal Leader)သာဖြစ်၏။ မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေးမှာ ဗိုလ်ချုပ်အောင်ဆန်းခေတ်ထက် အဆများစွာ ခက်ခဲနက်နဲနေသည်။ ဤအကြောင်းတရားများကြောင့် ဒေါ်စုကြည်သည် ဆင်ခေါင်းကို ကြောင် မချီနိုင်ခြင်း ဖြစ်နေရသည်။ နိုင်ငံရေးတွင် သဘောတရားနှင့် အယူဝါဒမှန်ကန်ရေးသည် အဓိကကျသည်။

...သားများက သူမကိုလွှတ်ပေးရန် တောင်းဆို
...ည်။ လွှတ်ပေးမိပါက သူမအတွက်လည်း
... အန္တရာယ်ဖြစ်သည်။ ဤအခြေအနေကို
...ကျပ်တောင်းဆိုနေကြခြင်းမှာ သဘောထား
...ဆိုးကျိုးဖြစ်စေရန် ရှူးတိုက်ပေးခြင်းသာ
...င်းဟု ထင်မှတ်ပြီး ခေါင်းမာစွာဖြင့် ဇွတ်တိုး
...ည်ပနိုင်ငံများသည် ဤနည်းဖြင့် အိမ်ကြက်
...း ၎င်းတို့၏အကျိုးစီးပွားအတွက် အသုံးချ

သဘောတရားနှင့် အယူဝါဒ မှားခဲ့သော် ဂုဏ်ပညာ၊ အစဉ်အလာ၊ ဝါ၊ သဘာ၊ သတ္တိနှင့် ကိုယ်ကျိုးစွန့်လွှတ်မှုများသည် ဘာမျှ အရာမရောက်နိုင်ပေ။

ဘုန်းကြီးနှင့်ဘီး

ဒေါ်စုကြည်သည် အနောက်တိုင်း ဒီမိုကရေစီဖြစ်သော လစ်ဘရယ်ဝါဒကို ယုံကြည်လက်ခံထားသောကြောင့် သူမ၏အမြင်တရားမှာ လစ်ဘရယ်အမြင် (Liberal Vision)ဖြစ်၏။ အမျိုးသားရေးအမြင် (National Vision) မဟုတ်ပေ။ အမျိုးသားရေးကို ဆန့်ကျင်သော အမြင်သာဖြစ်သည်။ အယူဝါဒစွဲပြင်းထန်သူတိုင်းသည် အယူဝါဒအစွဲ၏ ကွယ်ကာထားခြင်းကို ခံရသောကြောင့် ပကတိအရှိ၊ အမှန်တရားကို မြင်နိုင်စွမ်းမရှိကြ။ ကွန်မြူနစ်အမြင် (Communist Vision)နှင့် လစ်ဘရယ်အမြင် (Liberal Vision) ရှိသူများသည် အမျိုးသားရေးဝါဒ အမျိုးသားနိုင်ငံရေးကို မြင်နိုင်စွမ်းမရှိကြပေ။ အမျိုးသားရေးအမြင် ကင်းမဲ့နေသောကြောင့် ဒေါ်စုကြည်သည် တည်ဆဲအစိုးရအား နိုင်ငံရေးအရ၊ အမျိုးသားအစိုးရဟု သဘောမထားနိုင်။ ပုဂ္ဂိုလ်ကို အစွဲပြုပြီး စစ်အစိုးရဟု မြင်နေခြင်းဖြစ်သည်။ လစ်ဘရယ်ဒီမိုကရေစီသည် အရင်းရှင်စနစ် ထွန်းကားနေပြီး အရင်းရှင်လူတန်းစားက နိုင်ငံ့စီးပွားရေး တစ်ရပ်လုံးကို ဦးဆောင်ခြင်းပြုနေသော USA၊ EU၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသည့် နိုင်ငံတို့အတွက် မှန်ကောင်းမှန်မည်ဖြစ်သော်လည်း အရင်းရှင်စနစ် ပီပြင်စွာထွန်းကားခြင်းလည်း မရှိသေး၊ အရင်းရှင်လူတန်းစားမှာလည်း လေးဖက်သွား အရွယ်မျှသာ ရှိနေသေးသော မြန်မာနိုင်ငံအတွက် လစ်ဘရယ် ဒီမိုကရေစီမှာ ဘုန်းကြီးနှင့်ဘီးလိုဖြစ်နေသည်။ ထို့ကြောင့် လစ်ဘရယ် ဒီမိုကရေစီကိုငြင်းပယ်နေသူမှာ တည်ဆဲအစိုးရမဟုတ်၊ တည်ဆဲစီးပွားရေး၊ နိုင်ငံရေးရုပ်တရားများက ငြင်းဆိုနေကြခြင်းသာ ဖြစ်သည်။

စီးပွားရေးနှင့်နိုင်ငံရေး

အကျႌချုပ်သော် ကိုယ်ထည်ကိုအရင်တိုင်း၍ ဒီဇိုင်းဖြင့်ညှိပြီး ချုပ်ရသည်။ ကိုယ်ထည်ကိုမတိုင်းဘဲ ဒီဇိုင်းကိုအလေးပေးချုပ်ပါက တိုးနယား ဖြစ်တတ်၏။ နိုင်ငံရေးသမားဟူသည် နိုင်ငံ၏ပကတိအရှိ ရုပ်တရားများကို တတ်၊ သိ၊ ကျွမ်းရသည်။ နိုင်ငံရေးဘောဂဗေဒကို နားမလည်ဘဲ နိုင်ငံရေးလုပ်မိပါက မိမိကိုယ်ကိုမိမိ လှည့်စားခြင်း၊ သူတစ်ပါးကိုလှည့်စားခြင်းနှင့် သူတစ်ပါးက မိမိကို လှည့်စားခြင်း ဟူသော လှည့်စားခြင်း သုံးမျိုးဖြင့် မုချကြုံတွေ့ကြရမည်။ မြန်မာနိုင်ငံ၏တည်ဆဲအခြေအနေများမှာ ဤသို့ဖြစ်နေသည်။

စီးပွားရေးအခြေအနေများ

(၁) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဖြစ်နေခြင်း။
(၂) အရင်းရှင်လူတန်းစားမှာ အရွယ်မရောက်သေး၊ စက်မှုနိုင်ငံအဖြစ် ရောက်ရှိရန် ကြိုးစားနေဆဲ။
(၃) စီးပွားရေးစနစ်မှာ အရှေ့တိုင်းဈေးကွက်စီးပွားရေးစနစ် (MOE)။
(၄) ၂၆နှစ်တာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးမိခဲ့ခြင်း။
(၅) နိုင်ငံ့စီးပွားရေး၏အများဆုံးသောအပိုင်းကို နိုင်ငံတော်က ပိုင်ဆိုင်ထားခြင်း။
(၆) မြေယာသည် အနောက်နိုင်ငံများလို ပုဂ္ဂလိကပိုင်မဟုတ် နိုင်ငံပိုင်ဖြစ်နေခြင်း။
(၇) နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကမ္ဘာနှင့်ယှဉ်ပါက ဖွံ့ဖြိုးစ အဆင့်သာရှိနေခြင်း။

နိုင်ငံရေးအခြေအနေများ

(၁) ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး တပ်မတော်က အုပ်ချုပ်နေခြင်း။
(၂) လူတန်းစားနှင့် လူတန်းစား အသိတရားမဲ့နေသေးသော လူ့အဖွဲ့အစည်းဖြစ်နေခြင်း။
(၃) အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်နေရခြင်း။
(၄) လူမျိုးရေး၊ လူတန်းစားရေး၊ လူမှုရေးပြဿနာများ ရှိတည်နေဆဲဖြစ်ခြင်း။
(၅) လက်နက်ကိုင်သောင်းကျန်းမှုများ ရှိနေသေးခြင်း။
(၆) ပြည်တွင်းပြည်ပမှ နည်းမျိုးစုံဖြင့် ထိုးနှက်နေခြင်း။
(၇) နယ်စပ်ဒေသ တချို့တွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးများ မပြည့်စုံသေးခြင်း။
(၈) အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍကို ဖြတ်ကျော်နေရဆဲဖြစ်ခြင်း။

ဒေါ်စုကြည် လွတ်မြောက်ရေးအတွက် ဒေါ်စုကြည်သာ လျှင် တတ်နိုင်၏။ မည်သူမျှမတတ် နိုင်ပါ။ ယခုအခြေအနေသို့ ရောက်ရှိနေရခြင်းမှာ သူမ၏ အမျိုးသားရေးကို ဆန့်ကျင် သော လစ်ဘရယ်ဝါဒကြောင့် ဖြစ်သည်။ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒကို စွန့်လွှတ်ပြီး အမျိုးသား နိုင်ငံရေးကို လက်ခံပါက ထိုနေ့သည် ဒေါ်စုကြည် အမှန် တကယ် လွတ်မြောက်သောနေ့ ဖြစ်၏။ မစွန့်လွှတ်သမျှ ဘယ်သောအခါမျှ လွတ်မြောက်လာမည်မဟုတ်။ အမျိုးသား ရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒကို စွန့်သင့်၊ မစွန့် သင့် ကိစ္စမှာ သူမအပေါ်တွင် မူတည်နေ၏။

ဖော်ပြပါ စီးပွားရေး၊ နိုင်ငံရေးအခြေအနေများနှင့် အကိုက်ညီဆုံးမှာ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီမဟုတ်ပါ။ အမျိုးသားရေးဒီမိုကရေစီ (စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ)သာ ဖြစ်သည်။ နိုင်ငံရေးဘောဂဗေဒမှ ထွက်ပေါ်လာသော ဤစီးပွားရေး၊ နိုင်ငံရေးအခြေအနေများကို ဒေါ်စုကြည်သည် ပီပြင်စွာ နားမလည်သောကြောင့် ခေါင်းမာစွာဖြင့် အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒကို အသေဆုပ်ကိုင်ပြီး ထိပ်တိုက်ရင်ဆိုင်ရေး လမ်းစဉ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။

အမျိုးသားနိုင်ငံရေး

နိုင်ငံရေးလောကတွင် လက်ဝဲလက်ယာဝါဒ ကျွမ်းသူများသော်လည်း အမျိုးသားရေးဝါဒနှင့် အမျိုးသား နိုင်ငံရေးကို ပီပြင်စွာ နားလည် တတ်သိသူ နည်းပါးလှသည်။ နှစ်ပေါင်း ၅၀အတွင်း ကမ္ဘာ့အခြေအနေများ ပြောင်းလဲခဲ့သော်လည်း မြန်မာ့အခြေအနေမှာ သိသာထင်ရှားသော ပြောင်းလဲမှု မရှိခဲ့ခြင်းကြောင့် ယနေ့ အချိန်အခါတွင် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍကိုပင် ဖြတ်ကျော်နေရဆဲဖြစ်သည်။ ဤအခြေအနေများကြောင့် အမျိုးသားနိုင်ငံရေးသည် လူထု၊ လူတန်းစား၊ လူမျိုးရေးတို့နှင့်ဆိုင်သော နိုင်ငံရေးများထက် အရေးအကြီးဆုံးအဖြစ် ရှိနေခြင်းဖြစ်သည်။ ဤအချက်ကို လေးနက်စွာ မစဉ်းစားဘဲ ဆင်ကန်းတောတိုး ပြုကြပါက ကိုယ့်ကာယကံ၊ ကိုယ့်ထံပြန် ဧကန်မလွဲ တစ်ထပ်တည်း ဖြစ်ကြမည်။ အမျိုးသားရေးဝါဒနှင့် အမျိုးသား နိုင်ငံရေးသည် မှန်ကန်သော သစ္စာတရားဖြစ်ကြောင်း အတိတ်သမိုင်းက သက်သေပြခဲ့၏။ နှစ် ၅၀ မြန်မာ့သမိုင်းတွင် အမျိုးသားရေးဝါဒ (ဒို့တာဝန်အရေးသုံးပါး)ဘက်မှ အစဉ်ထာဝရ ရပ်တည်ခဲ့ကြသော ပုဂ္ဂိုလ်၊ပါတီ၊အဖွဲ့အစည်းများသည် မှန်ခဲ့ကြ၍ ဆန့်ကျင်သူများသည် ကျရှုံးခဲ့ကြသည်။ ဤနိယာမ တရားသည် ယနေ့တိုင် ရှိတည်နေ၏။ အမျိုးသားရေးဝါဒနှင့် အမျိုးသားနိုင်ငံရေးသည် လူတိုင်းအတွက် အစဉ်ရှိနေ သော်လည်း မသိသူကျော်သွား၊ သိသူဖော်စား။ ၎င်းသည် မမြင်စွမ်းနိုင်သော စွမ်းအားကြီးမားလှသည့် စက်ယန္တရားကြီးနှင့်တူသည်။ လက်ပေါင်းများစွာနှင့် မျက်လုံးပေါင်းများစွာလည်းရှိနေသည်။ လူတစ်ဦးစီ၏ ကံသုံးပါးကို အမြဲတမ်း စောင့်ကြည့်နေသည်။ သစ္စာရှိသူကိုကယ်၍ သစ္စာမဲ့သူကိုပယ်မည်။

သိပ္ပံနည်းကျအမျိုးသားရေးဝါဒ

တည်ဆဲအစိုးရ၏ဝါဒမှာ အမျိုးသားရေးဝါဒဖြစ်သည်။ အချို့က အမျိုးသားရေးဝါဒသည် ခေတ်မမီ တော့ဟုဆိုကြသည်။ အမျိုးသားရေးဝါဒသည် စီးပွားရေးစနစ်ပေါ်မူတည်၍ အမျိုးမျိုးရှိနေ၏။ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့၏အမျိုးသားရေးဝါဒမှာ ပဒေသရာဇ်စီးပွားရေးစနစ်ပေါ်တွင် အခြေခံထားသော အမျိုးသား ရေးဝါဒဖြစ်သောကြောင့် နယ်မြေချဲ့ထွင်ခဲ့သည်။ ၂၀ရာစုခေတ်ဦးပိုင်းတွင် ပေါ်ထွန်းခဲ့သော ဂျပန်၊ ဂျာမနီ၊ အီတလီတို့၏ အမျိုးသားရေးဝါဒများမှာ နယ်ချဲ့အရင်းရှင်စီးပွားရေးစနစ်(မြေယာပုဂ္ဂလိကပိုင် စီးပွားရေး)ပေါ်တွင် အခြေခံထားသော အမျိုးသားရေးဝါဒဖြစ်သောကြောင့် အစွန်းရောက်ပြီး နယ်ချဲ့ခြင်း အဆင့်သို့ရောက်ခဲ့သည်။ စပိန်(ဖရန်ကို)၏အမျိုးသားရေးဝါဒမှာ စစ်အေးခေတ်တွင်ပေါ်ထွန်းခဲ့သောကြောင့် အရင်းရှင်စီးပွားရေးစနစ်ဖြစ်သော်လည်း အစွန်းရောက်မှုနှင့် နယ်ချဲ့ခွင့်မရခဲ့။ မြန်မာနိုင်ငံ တည်ဆဲအစိုးရ၏ အမျိုးသားရေးဝါဒမှာ Globalization ခေတ်တွင် ပေါ်ထွန်းခဲ့၏။ အရှေ့တိုင်း ဈေးကွက်စီးပွားရေးစနစ် (မြေယာအမျိုးသားပိုင်စီးပွားရေး) ပေါ်တွင်အခြေခံထားသော အမျိုးသားရေးဝါဒဖြစ်သောကြောင့် ပြည်တွင်း ဈေးကွက်ကို အလေးထားသည်။ မည်သည့်နည်းနှင့်မျှ အစွန်းရောက်မှုနှင့် နယ်ချဲ့ခြင်းကို မရောက်ရှိနိုင်ပေ။ ထို့ကြောင့် ဖော်ပြပါ ခေတ်ဟောင်းအမျိုးသားရေးဝါဒများနှင့် လုံးဝခြားနားသော သိပ္ပံနည်းကျ အမျိုးသားရေးဝါဒ (Scientific Nationalism) ဖြစ်သည်။

နွားချိုကို နို့ညှစ်ခြင်း

ယခုအခါတည်ဆဲအစိုးရ၏ Road Map အရ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ)ဖော်ဆောင်မှုသည် ပြည်တွင်းပြည်ပမှထောက်ခံမှုများစွာ ရရှိလာနေပြီဖြစ်၏။ ဒေါ်စုကြည်နှင့် NLD ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဤလမ်းကြောင်းမှ သွေဖည်သွားမည် မဟုတ်တော့ပေ။ ဒေါ်စုကြည်ကလည်း အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒကို အသေဆုပ်ကိုင်ပြီး ခေါင်းမာစွာဖြင့် ဆန့်ကျင်နေ၏။ ဤအခြေအနေတွင် သူမကို လွှတ်ပေးခဲ့သော်လည်း နိုင်ငံရေး ပြေလည်မှုရရှိရန်အကြောင်းမရှိနိုင်ပေ။ သို့ဖြစ်ပါလျက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

USA နှင့်လစ်ဘရယ်ဂိုဏ်းသားများက သူမကိုလွှတ်ပေးရန် တောင်းဆိုနေကြခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့လှသည်။ လွှတ်ပေးမိပါက သူမအတွက်လည်း အန္တရာယ်၊ တိုင်းပြည်အတွက်လည်း အန္တရာယ်ဖြစ်သည်။ ဤအခြေအနေကို သိနေပါလျက် လွှတ်ပေးရန် အတင်းအကျပ် တောင်းဆိုနေကြခြင်းမှာ သဘောထားမရိုး၊သူမနှင့် မြန်မာနိုင်ငံအတွက် ဆိုးကျိုးဖြစ်စေရန် ရှုးတိုက်ပေးခြင်းသာဖြစ်၏။ ရှုးတိုက်ခြင်းကို ထောက်ခံခြင်းဟုထင်မှတ်မှားပြီး ခေါင်းမာစွာဖြင့် ဇွတ်တိုးပါက ဘယ်သူမပြု မိမိမှုဖြစ်မည်။ ပြည်ပနိုင်ငံများသည် ဤနည်းဖြင့် အိမ်ကြက်ချင်းကို အိုးမဲသုတ်ပြီး ဒေါ်စုကြည်အား ၎င်းတို့၏ အကျိုးစီးပွားအတွက် အသုံးချနေခြင်းဖြစ်၏။ ၎င်းတို့၏ ဆုများနှင့် အားပေးထောက်ခံမှုများမှာ လာဘ်ပေးသတ်ခြင်းသဘောဖြစ်ပြီး သူမအား လစ်ဘရယ်ဒီမိုကရေစီရေတိမ်တွင် မသေသေအောင် နှစ်သတ်နေကြခြင်းသာဖြစ်၏။ မြန်မာနိုင်ငံအတွင်း ဖော်ပြပါ လက်ရှိစီးပွားရေး၊ နိုင်ငံရေးအခြေအနေများအရ အနောက်တိုင်း ဒီမိုကရေစီ (Liberal Democracy)ကို ယခုချက်ချင်း ဖော်ဆောင်၍ မရနိုင်သေးပါ။ ယခုချက်ချင်း ပေါ်ထွန်းရေးအတွက် အားထုတ်ကြိုးပမ်းမှုမှန်သမျှသည်လည်း နွားချိုကို နို့ညှစ်ခြင်းသာဖြစ်သည်။

သူမ လွတ်မြောက်ရေး

အထက်ပါအကြောင်းတို့ကြောင့် သူမ လွတ်မြောက်ရေးအတွက် တည်ဆဲအစိုးရထံ တောင်းဆိုနေမှုများမှာ အလွန်လွဲမှားနေသော လုပ်ဆောင်ချက်များဖြစ်၏။ **ဒေါ်စုကြည် လွတ်မြောက်ရေးအတွက် ဒေါ်စုကြည်သာလျှင် တတ်နိုင်၏။ မည်သူမျှမတတ်နိုင်ပါ။ ယခုအခြေအနေသို့ရောက်ရှိနေရခြင်းမှာ သူမ၏အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒကြောင့်ဖြစ်သည်။ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒကို စွန့်လွှတ်ပြီး အမျိုးသားနိုင်ငံရေးကို လက်ခံပါက ထိုနေ့သည် ဒေါ်စုကြည် အမှန်တကယ်လွတ်မြောက်သောနေ့ဖြစ်၏။ မစွန့်လွှတ်သမျှ ဘယ်သောအခါမျှ လွတ်မြောက်လာမည်မဟုတ်။ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ် ဝါဒကို စွန့်သင့်၊ မစွန့်သင့်ကိစ္စမှာ သူမအပေါ်တွင် မူတည်နေ**သည်။

ယခုအခါ ၁၉၉ဝ ရွေးကောက်ပွဲရလဒ်မှာ အားကုန်သောခာတ်ခဲဖြစ်နေပြီ။ ၎င်းရလဒ်ကို ဆွဲကိုင်ထားမှုမှာ ငုံးအမြီး မျှော်သလိုသာဖြစ်၏။ ထိုရွေးကောက်ပွဲမှာ လစ်ဘရယ်ပါတီစုံ ရွေးကောက်ပွဲ (Multi Party Election for Liberal Democracy) ဖြစ်သောကြောင့် စွန့်လွှတ်လိုက်ခြင်းအားဖြင့် ပြည်သူလူထုကို ကျောခိုင်းရာမမည်ပါ။ လစ်ဘရယ်လမ်းကြောင်း (Liberal Way)မှ ဖယ်ခွာပြီး တစ်မျိုးသားလုံးအကျိုးစီးပွားကို အလုပ်အကျွေးပြုခြင်းသာဖြစ်၏။ ထို့ပြင် ဒေါ်စုကြည်၏ တွေ့ဆုံဆွေးနွေးရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးဆိုသည်တို့မှာလည်း လစ်ဘရယ်ဝါဒအပေါ် အခြေခံသော နိုင်ငံရေးအဖြေရှာမှုများသာဖြစ်သောကြောင့် တည်ဆဲအစိုးရ၏ အမျိုးသားရေး နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။

လစ်ဘရယ်အဝိဇ္ဇာတရား

ဗုဒ္ဓဝါဒတွင် အဝိဇ္ဇာတရားကိုဖြစ်စေသော ဥပါဒါန်တရား (၄)ပါး ရှိ၏။ ၎င်းတွင် ဒိဋ္ဌုပါဒါန်သည် ရေသောက်မြစ်ဖြစ်ပြီး ၎င်းက ကိလေသာဝဋ်ဆင်းရဲကိုဖြစ်စေ၏။ ထို့အတူ ဒေါ်စုကြည်သည် အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒ ဒိဋ္ဌုပါဒါန်ကြောင့် လစ်ဘရယ်ကံအမှု ပြုမိပြီး လစ်ဘရယ်ဝဋ်ဆင်းရဲသို့ ကျရောက်နေရခြင်းဖြစ်သည်။ လစ်ဘရယ်ဝါဒ အဝိဇ္ဇာတရားကို စွန့်ပယ်နိုင်ပါက အမျိုးသားရေးဝိဇ္ဇာတရားကို မြင်သိပြီး လက်ရှိဝဋ်ဆင်းရဲမှ လွတ်မြောက်မည်ဖြစ်သည်။ ဤတရားအရ သူမ ယခုလို ဝဋ်ဆင်းရဲသို့ ကျရောက်စေခြင်းမှာ တည်ဆဲအစိုးရနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိ။ သူမ၏ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒ အဝိဇ္ဇာတရားကြောင့်သာ ဖြစ်ချေသည်။ ဘဝတူ လစ်ဘရယ်ဂိုဏ်းသားများစွာက သူမ၏ လစ်ဘရယ် အဝိဇ္ဇာတရားကို ဝိဇ္ဇာတရားဟု ထင်မှတ်ပြီး တည်ဆဲအစိုးရကို ဖိအားပေးခြင်းသည် မှားနေ၏။ အဝိဇ္ဇာတရား အားကြီးသူတို့အား ဗုဒ္ဓသည်ပင် မကယ်တင်နိုင်၍ ယောက်ဖတော် ဒေဝဒတ်ကို လက်လျှော့တော်မူခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကွန်မြူနစ် အဝိဇ္ဇာတရားအားကြီးလွန်းလှသော သခင်သန်းထွန်းနှင့် သခင်စိုးတို့ကို လမ်းခွဲခဲ့သည်။ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်အဝိဇ္ဇာတရား အားကြီးနေသော ဒေါ်စုကြည်ကို မည်သူမျှ မကယ်နိုင်၊ သူမ၏ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်အဝိဇ္ဇာတရားက သူမဘဝကို အဆုံးအဖြတ်ပေးမည်သာဖြစ်၏။

သားရွှေအိုးထမ်း

ယနေ့ မြန်မာနိုင်ငံသည် နောက်သို့ပြန်ဆုတ်နေခြင်းလည်း မဟုတ်။ လစ်ဘရယ်နိုင်ငံရေးလမ်းကြောင်းဟောင်း(Liberal Way)သို့လည်း ပြန်သွားနေခြင်းလည်း မဟုတ်ပေ။ သိပ္ပံနည်းကျ အမျိုးသားရေးဝါဒ၊ အရှေ့တိုင်းနိုင်ငံရေးစနစ်(Asian Way)နှင့် အရှေ့တိုင်း ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်နေသည်။ ထို့ကြောင့် Road Mapဖြင့် အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန် ဆောင်ရွက်နေခြင်းဖြစ်၏။ ယခုအခါ ပြည်ပနိုင်ငံများသည် တည်ဆဲအစိုးရကိုလည်း ဖိအားပေး၍မရ၊ ၁၉၉ဝ ရွေးကောက်ပွဲကိုလည်း အသက်သွင်း၍မရ၊ ဒေါ်စုကြည်ကိုလည်း ဖျောင်းဖျ၍ မရသောကြောင့် ကိုယ့်အတက်ကိုယ်စူး၊ ကိုယ့်ရှုးကိုယ်ပတ် ဖြစ်ကုန်ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒအပေါ်အခြေခံပြီး နိုင်ငံရေးအဖြေရှာကြသောကြောင့် ဖြစ်၏။ မြန်မာ့ကိစ္စကို မြန်မာပြည်၏ တည်ရှိနေဆဲ စီးပွားရေး၊ နိုင်ငံရေး၊ အခြေအနေများပေါ်တွင်အခြေခံ၍ ဖြေရှင်းကြမှသာလျှင် အဖြေမှန်ကို ရရှိကြမည်။ နိုင်ငံရေး ပြေလည်မှုရစေရန်အတွက် တည်ဆဲအစိုးရအပေါ် တစ်ဖက်သတ်ကျသော ဖိအားပေးမှုများသည် ဖြေရှင်းပေးခြင်းမမည်၊ ရန်မီးမွှေးပေးနေခြင်းသာဖြစ်၏။ တကယ်တမ်း ဒေါ်စုကြည်ကို လွတ်မြောက်လာစေလိုသော ဆန္ဒရှိပါက တည်ဆဲအစိုးရကို ဖိအားပေးခြင်း၊ တောင်းဆိုခြင်းပြုနေစရာမလိုပါ။ ဒေါ်စုကြည်အား အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒကိုစွန့်လွှတ်စေပြီး အမျိုးသားနိုင်ငံရေးကို လက်ခံလာစေရေးနှင့် စီးပွားရေး၊ နိုင်ငံရေး ဖိအားပေးမှုအားလုံး ရပ်စဲရေးတို့ကို စုပေါင်းလုပ်ဆောင်ပေးကြမည်ဆိုပါက သားရွှေအိုးထမ်းဘဝမျိုးကို မုချမြင်တွေ့ကြရပေမည်။

အရှေ့နှင့်အနောက်

ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးမှာ လစ်ဘရယ်နိုင်ငံရေး မဟုတ်၊ အမျိုးသားနိုင်ငံရေးဖြစ်သောကြောင့် အမျိုးသားရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ။

တည်ဆဲအစိုးရမှာ အမျိုးသားအစိုးရ၊ ဝါဒမှာ သိပ္ပံနည်းကျ အမျိုးသားရေးဝါဒ၊ စီးပွားရေးမှာ အရှေ့တိုင်းဈေးကွက်စီးပွားရေး (Market Oriented Economy-MOE)။ ဤစီးပွားရေးစနစ်မှာ နိုင်ငံတော်ကဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ် (Capitalism Under the Leadership of the State)ဖြစ်သည်။ နိုင်ငံရေးမှာ အရှေ့တိုင်းဒီမိုကရေစီလမ်းကြောင်း (Asian Way) အရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ(အမျိုးသားရေးဒီမိုကရေစီ) ဖြစ်သည်။

ဒေါ်စုကြည်နှင့် NLD တို့၏ဝါဒမှာ အမျိုးသားရေးဝါဒ မဟုတ်၊ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒ၊ စီးပွားရေးမှာ အနောက်တိုင်းဈေးကွက်စီးပွားရေးစနစ် (Market Westernized Economy -MWE)၊ ၎င်းစီးပွားရေးစနစ်မှာ အရင်းရှင်လူတန်းစားက ဦးဆောင်သော အရင်းရှင် စီးပွားရေးစနစ် (Capitalism Under the Leadership of Capitalists) ဖြစ်သည်။ တစ်နည်းအားဖြင့် ဤစီးပွားရေးစနစ်ကို Liberal Economyဟုလည်း ခေါ်နိုင်သည်။ နိုင်ငံရေးမှာ အမျိုးသားရေးဒီမိုကရေစီမဟုတ်။ အနောက်တိုင်းဒီမိုကရေစီ (Liberal Democracy)ဖြစ်သည်။

ထို့ကြောင့် တည်ဆဲအစိုးရက အရှေ့၊ ဒေါ်စုကြည်နှင့် NLDက အနောက် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပြီး နှစ်ဖက်ကြားတွင် **“ရွှေပင်လယ်ကြီးကာဆီးလို့ နီးဖို့ရာမလွယ်ဘူး”** ဆိုသလိုဖြစ်နေကြသောကြောင့် လူပုဂ္ဂိုလ်အရ ကြင်နာခြင်းများစွာ ဖြစ်မိသော်လည်း ဒေါ်စုကြည်သည် မြန်မာပြည်သူတို့အတွက် တစ်ပြည်သူမရွေထား (သို့မဟုတ်) တိုင်းပြည့်အန္တရာယ်။ ။

မြသိန်းတန်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်၌ ပုရိမကပ်ဆိုတော်မူကြမည့် စာချစာသင် သံဃာတော် အရှင်မြတ်တို့အား ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် ဘိုကလေးဈေးလမ်း အမှတ်၁၁၂/၁၁၄ နေ ဦးကျော်မင်း-ဒေါ်နီလာမိသားစုတို့က ဝါဆိုသံဃာတော် ၉၅ ပါးတို့အား ဇူလိုင် ၉ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆို ဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော်အပါး ၂၅ဝ ကျော်တို့အား ပရိယတ္တိ သာသနပါလအသင်း အမှုဆောင်အဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) ဇူလိုင် ၁ဝ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း- ၀၁-၅၅၅၅၄၇ နှင့် ၀၁-၅၄၉၈၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖားရှဉ်းချောင်းတံတားသတ်မှတ်ချိန်အမီပြီးစီးရေး ဝန်ထမ်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ဇူလိုင် ၂ ရက်က ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်း၏ ဖားရှဉ်းချောင်းတံတား ပြန်လည်တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဒေသခံပြည်သူများ၏ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရန်အတွက် ဖားရှဉ်းချောင်းတံတားကို အမြန်ဆုံး ပြန်လည်တည်ဆောက်ရေး၊ တံတားရေလယ်တိုင်များကို ယခင်အုတ်မြစ်တိုင်စနစ်အစား မြေစိုက်တိုင် Bore Pile များဖြင့် ဆောင်ရွက်မည်ဖြစ်၍ လိုအပ်သည့် မြေဝင်အနက်အထိ ရရှိအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းတွင်ကျယ်မြန်ဆန်မှုရှိစေရန် လုပ်ငန်းပိုင်းအလိုက် ဖိဖိစီးစီးဆောင်ရွက်ရေး၊ ဒေသခံပြည်သူများအပေါ် စေတနာစိတ်ထားရှိပြီး တံတားကို သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများ ချောင်းဖြတ်ကူးရာတွင် အခမဲ့ပို့ဆောင်ရေးအတွက် မြန်မာ့မီးရထားက စီစဉ်ထားသော စက်တပ်ရေယာဉ်ဖြင့်လိုက်ပါ၍ ချောင်းလယ်ရှိ အချင်းလေးပေ Bore Pile တူးခြင်းလုပ်ငန်းကိုလည်းကောင်း၊ မြန်အောင်ဘက်ကမ်းသို့ သွားရောက်၍ အချင်း ၂ ဒသမ ၅ ပေ Bore Pileတူးခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၂၃ ရက်က ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာသွင်က ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောစဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မြတ်နိုးခုံမင်ထုံးဖွဲ့ဆင် မြန်မာမေတို့ရဲ့အလှသဘင်
၇း၄၀ ပြည်တွင်းသတင်းအကျဉ်း
၇း၅၀ ကမ္ဘာ့ဖလားနှင့်သူတို့အမြင် (အားကစားကလောင်ရှင် ဦးဖေသိန်း၊ ဦးနေမျိုးသူရ၊ ဦးပြည့်ဖြိုးဟန်)
၈း၀၅ တေးဂီတအစီအစဉ်
၈း၁၀ စိုက်ပျိုးလေ့လာမှုသင်တန်းမှာ
၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
၈း၅၅ တေးဂီတအစီအစဉ်
၉း၀၀ မြန်မာယဉ်ကျေးမှုအကအလှပန်းချီ
၉း၁၀ Sunday Talk
၁၀း၁၀ တေးဂီအစီအစဉ်
၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ သတ္တုတူးသောရွာကလေး
၁၀း၃၅ Music Gallery
၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ မိုးလေဝသခန့်မှန်းချက်
၁၁း၁၅ နိုင်ငံတကာအနုပညာရေးရာ
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ သန့်ရှင်းငြိမ်သက် တွက်ခြေကိုက်ဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ CNG အရောင်းဆိုင်များစစ်ဆေး စက်သုံးဆီ အချင်အတွယ်မှန်ကန်ရေး မှာကြား

ရန်ကုန် ဇူလိုင် ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင် အသစ် တည်ဆောက်နေမှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးအား အထွေထွေမန်နေဂျာ ဦးသိန်းငွေးက တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရန်ကုန်မြို့အတွင်း လိုအပ်လျက်ရှိသော CNG အရောင်းဆိုင်အသစ်များ အမြန်ဆုံး ဖွင့်လှစ်ရောင်းချပေးသွားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် CNG အရောင်းဆိုင်အတွင်း ဆလင်ဒါအိုးများ၊ Compressors များနှင့် လျှပ်စစ်မီးလိုင်းများ တပ်ဆင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အလုံမြို့နယ်အတွင်းရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်သို့ရောက်ရှိပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို ဓာတ်ငွေ့ရည်ဖြည့်တင်းထားရှိမှုနှင့် အချင်အတွယ်တို့ကိုစစ်ဆေးသည်။ **(ယာပုံ)** ထို့နောက် ဝန်ကြီးသည် အရောင်းဆိုင်အတွင်း ပရိဝုဏ်၊ ဗြူတိန်းဓာတ်ငွေ့ရည်အိုးများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနံဓာတ်ငွေ့ရည်အချင်အတွယ်မှန်ကန်စေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားသည်။

တိုက်ဆိုင်စစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၂၆၂)သို့ ရောက်ရှိပြီး စက်သုံးဆီရောင်းချမှုကို စာရင်းဇယားများနှင့်တကွ တိုက်ဆိုင်ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် အရောင်းဆိုင်အတွင်း စက်သုံးဆီ ဖြည့်တင်းသည့်ပန့်များနှင့် စက်သုံးဆီသိုလှောင်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ငွေကြေးစာရင်းဇယားများကိုသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် ပြည်သူတို့နှင့် ဆက်ဆံရေး ပြေပြစ် ချောမွေ့စေရေးတို့အတွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ပုပ္ပားသဘာဝပိုဇိုလန်စက်ရုံနှင့် ရေနံချောင်းစက်မှုဇုန်စစ်ဆေး စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ရုံဘေးအန္တရာယ်ကင်းရှင်းရေးမှာကြား

တစ်ရက်လျှင် သဘာဝပိုဇိုလန် တန် ၇၀၀ ခန့် ထုတ်လုပ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၉ရက် ညနေပိုင်းက ပုပ္ပားရှိသဘာဝပိုဇိုလန်စက်ရုံသို့ရောက်ရှိပြီး ရှေးဦးစွာ သဘာဝပိုဇိုလန် မိုင်းအမှတ်(၁)ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မိုင်းအမှတ်(၂)၌ ယန္တရားကြီးများဖြင့် သဘာဝပိုဇိုလန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပိုဇိုလန်များ မကြိတ်ခွဲမီ သိုလှောင်ရုံများ၌ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးသည် ဇွန်၃၀ရက် နံနက်ပိုင်းတွင် သဘာဝ ပိုဇိုလန်စက်ရုံတွင် ပိုဇိုလန်အမှုန့်ကြိတ်ခွဲ ထုတ်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။ ထို့နောက် ကြိတ်ခွဲပြီးပိုဇိုလန်များကို အိတ်သွတ်ခြင်း၊ မော်တော်ယာဉ်များဖြင့် တင်ပို့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် သဘာဝ ပိုဇိုလန်၏ အရည်အသွေး စမ်းသပ်ခန်းတွင် အရည်အသွေးစမ်းသပ် ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမ၌ သဘာဝပိုဇိုလန် စက်ရုံ၏ အခြေအနေများကို စက်ရုံမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်းက ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်လျက်ရှိ

ဆက်လက်၍ ဝန်ကြီးသည်အစည်းအဝေးခန်း၌ စက်ရုံမှူးနှင့် အင်ဂျင်နီယာအရာရှိများအား စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ရုံလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး အသေးစိတ်မှာကြားသည်။ သဘာဝပိုဇိုလန် စက်ရုံမှ တစ်ရက်လျှင် သဘာဝ ပိုဇိုလန်တန် ၇၀၀ ခန့်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေနံချောင်း စက်မှုဇုန်သို့ ရောက်ရှိပြီး ငွေစကြာကုမ္ပဏီလီမိတက်၏ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံကို စစ်ဆေးရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်စိုးက စက်ရုံ၌ စက်ကိရိယာများ တပ်ဆင်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မစက်ရုံအတွင်း တန် ၃၀၀ Hydrolic Press Machine၊ ၄၅တန် Press Machine ၊ ပုံဖြတ်စက်(Cutter)၊ ဂဟေဆော်စက်၊ ကွန်ပျူတာဘီးချိန်စက်၊ လျှပ်စစ်ဂဟေဆော်စက်၊ တာယာဖြုတ်လေသွင်းစက်၊ ဘီးချိန်စက်၊ ဆေးပေါင်းခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ရန် မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပြိုင်မြင်း သုံးဘီးဆိုင်ကယ် ပင်မစက်ရုံအတွင်း စက်ကိရိယာများ တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ပြီး သုံးဘီးဆိုင်ကယ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေနဂါးဆိုင်ကယ်ထုတ်လုပ်ရေး အလုပ်ရုံသို့ ရောက်ရှိရာ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဝင်းမော်ထွန်းက စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။ ရွှေနဂါးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ယနေ့အထိ စတားနှစ်ဘီးဆိုင်ကယ် ၄၁၁၃ စီး ထုတ်လုပ်ရောင်းချပြီး ဖြစ်သည်။ **(သတင်းစဉ်)**

သဘာဝပိုဇိုလန်တူးဖော်ခြင်းလုပ်ငန်း

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပုပ္ပားရှိ သဘာဝပိုဇိုလန်တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး အရှေ့ဘက် သတ္တဌာန ဗုဒ္ဓ ခုနစ်ဆူရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး ပဓာနနာယက ဘဒ္ဒန္တသုမင်္ဂလ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးပူဇော်၍ ကျောင်းတိုက်ကြီးအတွင်းရှိ သုံးထပ်ကျောင်း ယောဂီဆောင် သစ်ကြီးရေစက်ချ အလှူတော် မင်္ဂလာနှင့် ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သီလရှင်ယောဂီများအား ဝတ်စုံလှူဒါန်းပွဲအခမ်းအနားကို ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါ ကျောင်းတိုက်ကြီး၌ကျင်းပမည်ဖြစ်သည်။ အလှူရှင်များ မိမိတို့၏သဒ္ဓါအလျောက် လှူဒါန်းလိုပါက သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ ဖြင့် လည်းကောင်း သီလရှင်ဝတ်စုံတစ်စုံလျှင် ကျပ် ၂၅၀၀ ဖြင့် လည်းကောင်း၊ ယောဂီဝတ်စုံ တစ်စုံလျှင် ကျပ်၂၀၀၀ ဖြင့် လည်းကောင်း လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း– ၅၆၀၇၁၀ သို့ စာရင်းသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စကားပြောနည်း အတတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲကို အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ် သတင်းထောက် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)က အပြောကောင်းခြင်း၏အင်္ဂါရပ်များခေါင်းစဉ်ဖြင့် ပို့ချစဉ်။

(က–ပ)

ပေးအပ်

ဇွန် ၂၈ ရက်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် စမ်းချောင်းမြို့နယ် သမဝါယမဦးစီးဌာနတွင် ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်နှင့် စာရင်းစစ်ကြေးများ ပေးအပ်ပွဲကျင်းပရာ ဝင်ငွေခွန်များကို အသင်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်ရီရီက မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံ ပေးအပ်စဉ်။

(က–ပ)

စာမျက်နှာ ၇ မှ

ယခုကဲ့သို့ လက်တွေ့ကျကျ ဥပဒေပါပြဋ္ဌာန်းပြီး တစ်နိုင်ငံလုံးရော ဒေသတွင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို မျက်ကွယ်ပြု၍ အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးသူများ ကာကွယ်မှုအက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို အဆင့်(၃) သတ်မှတ်၍ Sanction ချမှတ်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ စက်ရုံအလုပ်ရုံများ၏ ထုတ်ကုန်များ ပြည်ပတင်ပို့ခွင့် ပိတ်ပင်ခြင်းခံခဲ့ရပါကြောင်း၊ စက်ရုံများပိတ်ရသဖြင့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကာ အမျိုးသမီးငယ်များ လူကုန်ကူးမှုသားကောင်ဘဝ ကျရောက်မည့်အန္တရာယ်ရင်ဆိုင်ရမှာကို စိုးရိမ်ဖွယ်မြင်တွေ့ခဲ့ရသည့်အတွက် ဒေသဆိုင်ရာအာဏာပိုင်များ၊ တာဝန်ရှိဌာနဆိုင်ရာများအပြင် လူမှုရေးအသင်းအဖွဲ့အသီးသီးတို့က အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ မှားယွင်းမှုသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အထောက်အပံ့ပြုရမည့်အစား မြန်မာအမျိုးသမီးငယ်များ လူကုန်ကူးခံရသူ သားကောင်ဘဝသို့ တွန်းပို့နေပါသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ယခုနှစ် ဇွန်လတွင် ထုတ်ပြန်သည့် လူကုန်ကူးမှု အစီရင်ခံစာတွင် အဆင့်(၃)သတ်မှတ်ခြင်းကို ကန့်ကွက်ကြောင်း ပြောကြားလိုပါကြောင်း။

ရတက်မအေးစရာ

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် တိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ၂၀၀၆ ခုနှစ် ဇွန်လမှာ လေ့လာခဲ့ပြီး ဆန်းစစ်ချက်စာတမ်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်လုံခြုံအေးချမ်းမှုရှိမှသာ အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိမည်ဖြစ်ကြောင်း ယုံကြည်ပါကြောင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်မှာ တရားဥပဒေစိုးမိုး၍ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် မြန်မာအမျိုးသမီးတို့၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် စတင်ရရှိနေပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင် မမှန်သတင်း အမျိုးမျိုးထုတ်လွှင့်ကာ လှုံ့ဆော်နေခြင်းတို့ကြောင့် မြန်မာအမျိုးသမီးများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် ရတက်မအေးစရာဖြစ်ရပါကြောင်း။

မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အရေးယူရန်တင်ပြနေသောစာတမ်းများသည် သတင်းအခြေအမြစ်မရှိ၊ မဟုတ်မမှန်ဖော်ပြချက်များအပေါ် အားပြုကိုးကားထားတာသာဖြစ်ပြီး အာဏာရယူလိုသူ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် နောက်ကွယ်ကြိုးကိုင်သူများ၏ လုပ်ကြံဖန်တီးမှုများသာဖြစ်သကဲ့သို့ မြန်မာပြည်သူလူထုနှင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက် အကျိုးမဲ့ဖြစ်စေနိုင်ခြင်းကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကန့်ကွက်ပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

မြိုင်မြိုင်ဆိုင်ဆိုင်လုပ်ဆောင်

မြန်မာအမျိုးသမီးများအတွက် သမိုင်းမှတ်တိုင်နေ့တစ်နေ့ဖြစ်သည့် ဇူလိုင် ၃ ရက် "မြန်မာအမျိုးသမီးများနေ့"ကို သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုနှင့် မိမိတို့မြန်မာအမျိုးသမီးများသည် နှစ်စဉ်တခမ်းတနားကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုများကို သက်ဆိုင်ရာဌာနများနှင့်လက်တွဲပြီး ပိုပြီးမြိုင်မြိုင်ဆိုင်ဆိုင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

အကြိုလှုပ်ရှားမှုများမှာ ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တေးသီချင်းများ၊ အသိပညာပေးရုပ်မြင်သံကြားဇာတ်လမ်းများနှင့် ဆွေးနွေးခန်းများထုတ်လွှင့်ခြင်း၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်နှင့်တိုင်းအသီးသီးမှာ တက္ကသိုလ်အဆင့်၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့်ကျင်းပခဲ့ပြီး ဆုရသူများကို ယနေ့ကျင်းပသည့်အခမ်းအနားများတွင် ဆုများပေးသွားရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့် ကျပန်းစကားပြောပွဲများကိုလည်း သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တို့အသီးသီး၌ ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြပွဲကိုလည်း ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်သူ့ဆေးရုံများမှာလည်း သန့်ရှင်းရေးလုပ်အားပေးခြင်း၊ ငွေပဒေသာပင်စိုက်ထူခြင်း၊ သွေးလှူဒါန်းခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခြားသော NGO များ၊ စေတနာရှင်ပြည်သူများနှင့် လက်တွဲပူးပေါင်းလုပ်ဆောင်ခဲ့ပါကြောင်း။

ပညာရှင်အဆင့်စာတမ်းဖတ်ပွဲ

၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ပညာရှင်အဆင့်စာတမ်းဖတ်ပွဲကို ဇွန် ၂၉ ရက်တွင် ကျင်းပနိုင်ခဲ့ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုနှင့် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍ၊ အမျိုးသမီးများနှင့် HIV/AIDS၊ မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ၊ ပတ်ဝန်းကျင်ပြဿနာများနှင့် ပတ်ဝန်းကျင်လုံခြုံမှု၊ မြန်မာသမိုင်းစဉ်ထဲကအမျိုးသမီးများ၏တန်ဖိုး၊ ကိုယ်စိတ်ကျန်းမာနေထိုင်ရေးနှင့် အမျိုးသမီးများ၏စွမ်းဆောင်မှုအစရှိသည့် ခေါင်းစဉ်များနှင့် ကဏ္ဍအသီးသီးတွင် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြပါကြောင်း။

"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"ဆိုသည့် ခေါင်းစဉ်နှင့် ဓာတ်ပုံပြိုင်ပွဲ၊ **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဆိုသည့်ခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲစသည်တို့ကိုလည်း တစ်နိုင်ငံလုံးအဆင့် အတိုင်းအတာဖြင့် ကျင်းပခဲ့ပါကြောင်း၊ တိုင်းနှင့်ပြည်နယ်အားလုံး၏ ဆေးရုံများအပါအဝင် နေရာအနှံ့အပြား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို အခြားလူမှုရေးအဖွဲ့အစည်းများနှင့်အတူ အကြိုလှုပ်ရှားမှုအနေဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

မြန်မာအမျိုးသမီးများနေ့ကို ပြည်နယ်နှင့်တိုင်းအားလုံးတွင် ယခုကဲ့သို့ အကြိုလှုပ်ရှားမှုများဖြင့် စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပရခြင်းသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင် စံနမူနာပြကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများကိုလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်၊ မျိုးနွယ်မတိမ်ကောအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြသည့် မြန်မာအမျိုးသမီးများကိုလည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖြစ်ထွန်းတိုးတက်အောင် ကျရာအခန်းကဏ္ဍအသီးသီးမှ သယ်ပိုးထမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများကိုလည်းကောင်း၊ စုပေါင်းဖော်ညွှန်းမော်ကွန်းတင်အပ်ခဲ့သည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

ပိုမိုကြီးမားတိုးတက်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနှင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဘက်ပေါင်းစုံမှနေ၍ အမျိုးသမီးထုကြီးတစ်ရပ်လုံးအားတစ်စိတ်တစ်ဝမ်းညီညာစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး ဦးစားပေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဦးစီးဦးဆောင်ပြုပြီး အားပေးမြှင့်တင်လျက်ရှိခြင်းကြောင့် အမျိုးသမီးများ အခန်းကဏ္ဍပိုမို မြင့်မားတိုးတက်လျက်ရှိနေသည်ကို အားလုံးတွေ့နေရပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသမီးထုကြီးတစ်ရပ်လုံးသည် ကောင်းမြတ်သည့် အစဉ်အလာကောင်းနှင့် စွမ်းရည်မြင့်မားမှုကို အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စုစည်းကာ ပိုမိုအောင်မြင်အောင် စွမ်းဆောင်ကြပါ။

တိုင်းပြည်နှင့်လူမျိုးအပေါ် ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံဖန်တီးနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို အစဉ်ထိန်းသိမ်းမြှင့်တင်ကြပါ၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခိုင်ခိုင်မာမာခံယူကျင့်သုံးကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတွင် အမျိုးသမီးထုတစ်ရပ်လုံးနိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အခမ်းအနားမှူးများက ဆုရရှိကြသူများ၏ကိုယ်ရေးအကျဉ်းချုပ်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ကြားကြေညာကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ချီးမြှင့်သော ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ ၂၀၀၅ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း(ဒေါက်တာမတင်ဝင်း၊ ပညာရေးတက္ကသိုလ်)၊ နိုင်ငံတော်က ချီးမြှင့်သည့် အမြင့်ဆုံးဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသူ အမျိုးသမီးများဖြစ်ကြသော ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)ရ ဒေါ်ကြန်နှင့် ဒေါ်မြင့်သန်း၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ဒုတိယအမှတ်အများဆုံးရရှိပြီး အောင်မှတ်အများဆုံးကျောင်းသူဆုရ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဖြိုးဖြိုးမေနှင့် အကြိမ်(၆၀)နှင့်အထက် အများဆုံးသွေးလှူဒါန်းသူဆုရ (၉၁)ကြိမ်မြောက် သွေးလှူရှင် ကမာရွတ်မြို့နယ် (၂)ရပ်ကွက် မြကန်သာအိမ်ရာမှ ဒေါ်မြင့်မြင့်စန်းတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ချီးမြှင့်သော ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ ၂၀၀၅ ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဒေါ်မိုးသူဇာ၊ ၂၀၀၅ ခုနှစ် ထူးချွန်အားကစားမယ် မယဉ်ယဉ်ခိုင်(အပြေး)၊ ၂၀၀၅ ခုနှစ် ထူးချွန် မသန်စွမ်းအားကစားမယ် မစန္ဒာမျိုးသန့်၊ ၂၀၀၅ ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှူခင်းတပ်ဖွဲ့မှ ရဲအုပ်ကြည်ကြည်ဦးနှင့် ၂၀၀၅ ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာန ဦးစီးဌာနခွဲမှ ဒုတိယတပ်ကြပ်သီတာဝင်းတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"** ဓာတ်ပုံပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများကိုချီးမြှင့်ရာ ပထမဆုရ လှိုင်သန်းတင့်၊ ဒုတိယဆုရ ကိုဦး၊ တတိယဆုရ ဦးမြင့်သိန်းနှင့် အထူးဆုရရှိသူ ခုနစ်ဦးတို့ကိုယ်စား A.K.Moe (သတ္တဗေဒ)တို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့်ကျင်းပသော**"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါက်တာချိုချိုတင့်(မတင့်-မြန်မာစာ)၊ ဒုတိယဆုရ ဒေါ်နီလာမြင့်(နီလာမြင့်)၊ တတိယဆုရရှိကြသော ဒေါက်တာကျော်မင်းအောင်နှင့် မစောဗ္ဗန္ဒာသက်မောင်တို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသည့် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုဓာတ်ပုံများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထုတ်ဝေသော "မေမြန်မာဂျာနယ်"၊ ကဏ္ဍအသီးသီးမှ ထူးချွန်အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာအမျိုးသမီးစာရေးဆရာမကြီးများ၏ အမျိုးသားစာပေဆုရစာအုပ်များ၊ မြန်မာအမျိုးသမီးစာရေးဆရာမကြီးများ၏ သုတရသစာအုပ်များနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှထုတ်ဝေသော စာအုပ်များ၊ စာစောင်များ၊ သတင်းလွှာများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကကြီးမှူး အဆင့်မြင့်စည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ် (၉/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ဂနာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံးမှ ဌာနချုပ်မှူးနှင့် ဌာနမှူးများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် သင်တန်းသို့တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းက ပို့ချဆွေးနွေးလိုက်သည့် အကြောင်းအရာများကို လက်တွေ့နယ်ပယ်တွင် အသုံးချပြီး မိမိတို့၏ဘဝတူ စစ်မှုထမ်းဟောင်းများနှင့် ပြည်သူများအား စည်းရုံးသွားကြရန်ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း) က သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် သင်တန်းသားစုစုပေါင်း ၅၀တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

မြောက်ဥက္ကလာပမြို့ (ဈ)ရပ်ကွက် ဇဗ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံမဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ကမ္မဋ္ဌာနစာရိယ ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ(ဥပုသ်နေ့တိုင်း) နံနက်၉ နာရီမှစ၍ သိက္ခာသုံးပါး ပါရမီ ၁၀ပါး ဥပုသ်သီလတရားများ ဟောကြားပြီး မွန်းတည့်၁၂နာရီတွင် အနန္တဂုဏ်ရောင် ဦးဘမြင့်က ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယမူအတိုင်း အပါဒါန် သမ္မဒါန်တရားများကို ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ဇွန်၁၃ရက်က အရှေ့တိုင်းပညာသင်ကြားရေးအဖွဲ့ အစည်းအဝေးနှင့် တက္ကသိုလ်ကောလိပ်များသို့ ရှားပါးသော ဘာသာရပ်စာအုပ်များလှူဒါန်းပွဲ ကျင်းပရာ ရတနာပုံတက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခ ဒေါ်မြဆင့်ထံ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ကျမ်းစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲအကြို နောက်ဆုံးသတင်းများ

ကမ္ဘာ့ဖလား သတင်းဂယက်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် ဇူလိုင် ၃

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ပြင်သစ် တိုက်စစ်မှူး အွန်နရီ။

ပေါ်တူဂီကိုအနိုင်ရရန် မည်သို့ကစားရမည်ကိုသိကြောင်း ပြင်သစ်နည်းပြ ပြောကြား

ပေါ်တူဂီအသင်းကိုအနိုင်ရရန် မည်သို့ကစားရမည်ကို မိမိသိကြောင်း၊ ပေါ်တူဂီနည်းပြစကိုလာရီကို မိမိလေးစားကြောင်း၊ ပြင်သစ်အသင်း ကမ္ဘာ့ဖလားရယူရေးအတွက် မိမိတို့ ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

ပေါ်တူဂီနှင့်ပွဲ ကစားရခက်ခဲမည်ကို မိမိသိကြောင်း၊ ယခုအချိန်တွင် ပြင်သစ်ကစားသမားတိုင်း ကမ္ဘာ့ဖလားရရှိရေး စိတ်ဓာတ်များ အရှိန်အဟုန်ပြင်းစွာ ရိုက်ခတ်နေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဇီဒန်း၊ ဗီယာရာနှင့် အွန်နရီတို့ အသင်းရလဒ်ကောင်းအောင် ဖန်တီးကြမည်ဖြစ်ကြောင်းလည်း ဒိုမီနစ်ချ်က ဆက်လက်ပြောကြားသည်။

ကနဦးပွဲစဉ်ရလဒ်များနှင့် ပတ်သက်၍လည်း ဒိုမီနစ်ချ်က ဘရာဇီးနှင့်ပွဲစဉ်တွင် မိမိတို့ချေဖျက်ပြခဲ့ပြီး ဖြစ်သည်ဟု တုံ့ပြန်ပြောကြားလိုက်သည်။

ဇီဒန်းအပေါ် ပြင်သစ်ပရိသတ်အားထားနေ

ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်ပွဲစဉ်၌ဖြုတ်ချနိုင်ခဲ့သည့်အတွက် ပြင်သစ်အသင်းပေါ် မျှော်လင့်ချက်ထားလာသော ပရိသတ်များသည် အကြိုဗိုလ်လုပွဲ၌အနိုင်ရရှိရေးတွင် ဇီဒန်းအပေါ် အားထားနေကြောင်း သိရသည်။

ပြင်သစ်အသင်းကိုစိတ်ပျက်နေသောပြင်သစ်ပရိသတ်သည် ဘရာဇီးနှင့်ကစားခဲ့သည့်အကြိုဗိုလ်လုပွဲ၌ အဓိကဦးဆောင်မှုအခန်းကဏ္ဍမှ ကစားခဲ့သော ကွင်းလယ်ကစားသမား ဇီဒန်းအား ပေါ်တူဂီနှင့်ကစားရမည့်ပွဲတွင်လည်း အနိုင်ရရှိအောင်ကစားရေး အကြံပြုပေးစာများ သောင်းနှင့်ချီကာ ပေးပို့ခဲ့ကြသည်ဟု ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

ဒဏ်ရာ အနည်းငယ်ရရှိထားသည့် ငါးဂိုးရှင် ဂျာမနီတိုက်စစ်မှူး ကလိုဆေး။

ပေါ်တူဂီကွင်းလယ်ကစားသမား ဒေကို။

အီတလီကိုအနိုင်ကစားရန် ပြင်ဆင်ပြီးဖြစ်ကြောင်း ကလင်းစမန်းပြောကြား

ယနေ့ကစားမည့် အကြိုဗိုလ်လုပွဲတွင် အီတလီကို အနိုင်ကစားရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဂျာမနီနည်းပြ ကလင်းစမန်းက ပြောကြားလိုက်သည်။ ဂျာမနီအသင်းသည် ပွဲတိုင်းခြေစွမ်းပြလာခဲ့ပြီး တိုက်စစ်တွင်လည်း အကောင်းဆုံးအနေအထားရှိနေသည့် အသင်းဖြစ်ကြောင်း၊ စိတ်ဓာတ်အပိုင်းတွင်လည်း ကမ္ဘာ့ဖလားရရှိရေးတစ်ခုတည်းကိုသာ အလေးထားနေကြောင်း ၎င်းက ပြောကြားသည်။

ဂျာမနီအသင်းသည် ယနေ့ပွဲ အနိုင်ရရှိရေးထက် ကမ္ဘာ့ဖလားရရှိရေးအထိပါ မျှော်မှန်းထားသည်ဖြစ်ရာ ပွဲတိုင်းအနိုင်ကစားရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကလင်းစမန်းက ပြောကြားသည်။

မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ ဒဏ်ရာအနည်းငယ်ရရှိထား

ဂျာမနီတိုက်စစ်မှူးများဖြစ်သော မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ ဒဏ်ရာအနည်းငယ်စီ ရရှိထားကြောင်း၊ သို့သော် အီတလီနှင့်ပွဲတွင် ကစားနိုင်မည်ဖြစ်ကြောင်း ဂျာမနီအသင်း လက်ထောက်နည်းပြဂျိုချန်လူးက ပြောကြားလိုက်သည်။

မိုက်ကယ်ဘောလက်သည် အာဂျင်တီးနားနှင့်ကွာတားဖိုင်နယ်ပွဲတွင် ဒဏ်ရာရရှိခဲ့ပြီး နေ့စဉ် ကြပ်ကြပ်မတ်မတ် ဆေးကုသမှုပေးခဲ့ရကြောင်း၊ ကလိုဆေးလည်း အာဂျင်တီးနားနှင့်ပွဲတွင် အာဂျင်တီးနားဂိုးသမားနှင့် ထိခိုက်မိပြီး ခြေထောက်၌ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေရကြောင်း၊ အခြေအနေကောင်းမွန်ကြောင်း၊ ယနေ့ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ဒဏ်ရာရရှိနေသော်လည်း ၎င်းတို့နှစ်ဦးအား နည်းပြကလင်းစမန်းက ပထမဦးစားပေးလူစာရင်းတွင် ထည့်သွင်းထားကြောင်းလည်း သိရသည်။

ကလိုဆေး ဂိုးသွင်းဦးမည်ဟုဆို

ယနေ့ကစားရမည့်အကြိုဗိုလ်လုပွဲတွင် ဂျာမနီအတွက် ဂိုးသွင်းပေးဦးမည်ဖြစ်ကြောင်း လက်ရှိငါးဂိုးသွင်းထားသည့် ဂျာမနီတိုက်စစ်မှူး ကလိုဆေးက ပြောကြားလိုက်သည်။ မိမိခြေထောက်ဒဏ်ရာရရှိထားကြောင်း၊ သို့သော် ပြဿနာမရှိကြောင်း၊ ယနေ့ပွဲတွင် ဂိုးသွင်းနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကလိုဆေးသည် လက်ရှိအချိန်တွင် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်၌ တစ်ဦးတည်း ငါးဂိုးသွင်းကာ ရွှေဖိနပ်ဆုချိန်နေသူဖြစ်သည်။

ဒေကို အကြိုဗိုလ်လုပွဲ၌ ပါဝင်ကစားမည်

ပြင်သစ်နှင့်ကစားရမည့် အကြိုဗိုလ်လုပွဲစဉ်၌ ပွဲပယ်ပြစ်ဒဏ်ခံထားရသော ပေါ်တူဂီကွင်းလယ်ကစားသမား ဒေကို ပြန်လည် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အရေးကြီးသောပွဲစဉ်၌ မိမိ ပြန်လည်ပါဝင်ကစားမည်ဖြစ်ကြောင်း၊ အင်္ဂလန်အသင်းကို အနိုင်ယူခဲ့သလို ပေါ်တူဂီအသင်း ပြင်သစ်ကို အနိုင်ယူမည်ဖြစ်ကြောင်း ဒေကိုက ပြောကြားလိုက်သည်။

- **အင်္ဂလန်အသင်း ကွာတားမှ ထွက်ခဲ့ရသဖြင့် ဒေးဗစ်ဘက်ခမ်း စိတ်ထိခိုက်မှုကို ဇနီးသည်ဗစ်တိုရီယာ နှစ်သိမ့်ဖျောင်းဖျသော်လည်း မရဘဲရှိနေ။**
- **အာဂျင်တီးနားအသင်း ရှုံးခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်ကို ကြည့်ပြီး အာဂျင်တီးနား ပရိသတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး နှလုံးရောဂါဖြင့် သေဆုံးခဲ့။**
- **ဒေးဗစ်ဘက်ခမ်း အင်္ဂလန်အသင်း ကပ္ပတိန်အဖြစ်မှ နုတ်ထွက်သွား။** ။ (အင်တာနက်)

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အပြီး သတင်းဂယက်

တင်ပြသူ မြင့်မောင်စိုး



ပေါ်တူဂီနည်းပြ

ပေါ်တူဂီနည်းပြ စကိုလာရီ။ (ဓာတ်ပုံ- အင်တာနက်)

စကိုလာရီအား ပေါ်တူဂီနည်းပြဆက်လုပ်ရန် မော်ရင်ဟို တိုက်တွန်း

ကမ္ဘာ့ဖလားပွဲပြီးလျှင် စကိုလာရီအား ပေါ်တူဂီအသင်းနည်းပြအဖြစ် ဆက်လုပ်စေလိုကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။

စကိုလာရီသည် ပေါ်တူဂီအသင်းအားကမ္ဘာ့ဖလားတွင် အကြိုဗိုလ်လုပွဲသို့ အရောက်ပို့ပေးနိုင်ခဲ့ပြီဖြစ်သည်။ ၎င်းသည် ပေါ်တူဂီအသင်းအား ယူရို ၂၀၀၄တွင်လည်း ဒုတိယဆုရအောင် ကြိုးပမ်းပေးနိုင်ခဲ့သူဖြစ်သည်။

ယခုကဲ့သို့ ပေါ်တူဂီအသင်းအား အောင်မြင်မှုရအောင် လုပ်ပေးနိုင်သည့် နည်းပြ အများအပြားမရှိကြောင်း၊ စကိုလာရီ၏ ကစားသမား စီမံခန့်ခွဲမှု ကျွမ်းကျင်ခြင်းကို ချီးကျူးကြောင်း မော်ရင်ဟိုက ပေါ်တူဂီရုပ်မြင်သံကြားသို့ ပြောကြားသည်။

အောင်ပွဲခံ ပြင်သစ်

ဇီဒန်းက ဗီယာရာကို ပခုံးပေါ်ထမ်း၍ ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ- အင်တာနက်)

ဘရာဇီးအသင်းတွင် ကားလို့စ်၊ကာဖူး၊ဂျီလ်ဘာတို၊အီမာဆင်၊ ဇီရော်ဘတ်တို၊ ရီကာဒင်ဟိုနှင့် ဂိုးသမား ဒီဒါတို့အားလုံးသည် အသက် ၃၀ ကျော်နေကြပြီဖြစ်သည်။

လက်ရှိကမ္ဘာ့ဖလားတွင် ပြင်သစ်ကို ရှုံးနိမ့်ရခြင်းမှာ အလွန်အသက်ကြီးသောဘောလုံးသမားများကြောင့်ဖြစ်သည်ဟု ဘရာဇီးပြည်သူများက ဝေဖန်ပြောဆိုခဲ့ကြသည်။

အာဂျင်တီးနား ပယ်နယ်တီကန်သွင်းမှု ဂျာမန်ဂိုးသမားကြိုတင်လေ့လာခဲ့

ဂျာမနီအသင်းဂိုးသမားလေးမန်းသည် အာဂျင်တီးနားအသင်းကို ပယ်နယ်တီဖြင့်အနိုင်မရမီ အတွေ့အကြုံမှတ်စုများကို ရယူလေ့ကျင့်ခဲ့သည်ဟု ဆိုသည်။

လေးမန်းသည် အာဂျင်တီးနားအသင်းနှင့်ပွဲတွင် နှစ်ဂိုးကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် လေးမန်းသည် ဂိုးသွင်းသူများ၏ စရိုက်သဘာဝကို ကြိုတင်သိထားနှင့်သည်ဟု ဆိုသည်။ ၎င်းသည် လွန်ခဲ့သောနှစ်နှစ်က အာဂျင်တီးနားအသင်း ကစားသမားများ၏ ပယ်နယ်တီကန်ပုံများကို ဗီဒီယိုမှတ်တမ်းဖြင့်ရယူကြည့်ရှုခဲ့ပြီး ၎င်းတို့၏ ပယ်နယ်တီကန်သွင်းမှု စရိုက်သဘာဝများကို လေ့လာပြင်ဆင်ခဲ့၍ အာဂျင်တီးနားအသင်း၏ ပယ်နယ်တီများကို ကာကွယ်နိုင်ခဲ့သည်ဟု လေးမန်းက ပြောကြားသည်။

မိုက်ကယ်ဘောလက်နှင့် ကလိုဆေး ဒဏ်ရာရသော်လည်း ပါဝင်နိုင်မည်

အီတလီနှင့် ဂျာမနီအသင်းတို့သည် ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲ အဖြစ် ဇူလိုင် ၅ရက် နံနက် ၁ နာရီခွဲတွင် ဒေါ့မွန်မြို့၌ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့သည် ဒဏ်ရာအနည်းငယ်ရထားသော်လည်း ပါဝင်ကစားနိုင်လိမ့်မည်ဟုဆိုသည်။ ယင်းတို့နှစ်ဦးသည် အာဂျင်တီးနားနှင့်ပွဲတွင် ဒဏ်ရာအနည်းငယ်စီ ရခဲ့ကြသည်။

အီတလီနောက်တန်းလူ နက်စတာသည် ဒဏ်ရာကြောင့် ပါဝင်နိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။

ဂျာမနီ ဂိုးသမား

ဂျာမနီဂိုးသမား လေးမန်း၏ ပယ်နယ်တီ ကာကွယ်နိုင်မှု။ (ဓာတ်ပုံ- အင်တာနက်)

ဘရာဇီးကွင်းလယ်ကစားသမား ဂျူနင်ဟို နိုင်ငံတကာကစားသမားအဖြစ်မှ နားမည်

ဘရာဇီးကွင်းလယ်ကစားသမားဂျူနင်ဟိုက နိုင်ငံတကာ ကစားသမားအဖြစ်မှအနားယူတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မိမိသည် အသက် ၃၁နှစ်ရှိပြီဖြစ်ကြောင်း အသက် ၃၀ကျော်လာပြီဖြစ်၍ ၂၀၁၀ကမ္ဘာ့ဖလားအတွက်လူငယ်များကို နေရာပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် လူငယ်များဖြင့် ဘရာဇီးအသင်းကိုဖွဲ့စည်းရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသက်ကြီးပေမယ့် ခြေစွမ်းမပျက်သေးသည့် ပြင်သစ်ကစားသမားကြီးများ

ကွာတားဖိုင်နယ်တွင် ပြင်သစ်အသင်းက ဘရာဇီးအသင်းကို အနိုင်ရလိုက်ခြင်းသည် အသက်ကြီးသော်လည်း ခြေစွမ်းမပျက်သေးသည့် ကစားသမားဖြစ်ကြောင်း လုံလောက်စွာ သက်သေထူပြလိုက်ခြင်းပင်ဖြစ်ကြောင်း ပက်ထရစ် ဗီယာရာက ပြောကြားသည်။

ပြင်သစ်အသင်းသည် အဖွင့်ပွဲစဉ်များတွင် သရေပွဲများဖြစ်ခဲ့သဖြင့် နည်းပြ ရေမွန်ဒိုမီနစ်ချ်၏ ကစားသမားရွေးချယ်ခြင်းကို ဝေဖန်ခံခဲ့ရသည်။

မိမိတို့အသင်းသည် အသက်ကြီးကစားသမားများ ပါဝင်နေမှုကြောင့် ဝေဖန်ခံနေရခြင်းကို အကောင်းဆုံး အဖြေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အသက် ၃၀ အရွယ်ရှိ ဗီယာရာက ပြောကြားသည်။ ။ **(အင်တာနက်)**

ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၄၂၅ နေ
ဦးခင်ဇော်(မြန်မာမှု)–ဒေါ်အေးအေးချိုတို့၏သားကြီး

မောင်ရဲဝင်းနောင် (မြန်မာမှု)

နှင့်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ကြိုးတန်းရပ်နေ
ဦးစန်းဝင်း(မန္တလေးခရိုင်၊ထွေ/အုပ်၊ငြိမ်း)–ဒေါ်တင်ကြည်(ရွှေစံအိမ်ရွှေဆိုင်း)တို့၏သမီး

မစန္ဒာလင်း B.Sc (Chem)

တို့၏ ၂–၇–၂၀၀၆ရက်တွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုအဆောက်အအုံ(IBC)၌ ကျင်းပခဲ့သော ထိမ်းမြားမင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲဝင်းနောင်–မစန္ဒာလင်း။

အင်းလေးဖောင်တော်ဦးဘုရားပုံတူနှင့်ရွှေဟောင်းရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ပွဲနှင့်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားပုံတူနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များအား စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၉ရက်(ဝါဆိုလပြည့်နေ့)နံနက်၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်းတိုက်နှင့် ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မြောက်ဥက္ကလာပ)တို့၌ ပုရိမဝါကပ်တော်မူကြကုန်သော သံဃာတော် ၂၄၃ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ ဖုန်း–၆၉၉၁၆၃၊ ၆၃၈၀၈၇နှင့် ၀၉–၅၀–၁၁၂၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဝါတွင်းဓမ္မဒါန တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၃

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၄)ဝိုင်း အောင်သိဒ္ဓိသဒ္ဓမ္မ ရာမကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ (မိုးကုတ်ကမ္မဋ္ဌာနာစရိယ)အရှင်မြတ်သည် ဝါတွင်း ဥပုသ်နေ့တိုင်း နံနက်၉နာရီနှင့် ည၇နာရီတွင် ပန်းဘဲတန်းမြို့နယ် ၂၈ လမ်းအထက် သီရိရက္ခိတဓမ္မာရုံနှင့် မွန်းလွဲ ၁နာရီ၌ ရွှေတိဂုံ စေတီတော် ရင်ပြင်ပေါ်ရှိ ရွှေခေါင်းလောင်းကြီးတန်ဆောင်း အတွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)



ကျေးဇူးဆပ်ပါမည်

အောက်ဖော်ပြပါ ဆေးဝါးမှတ်ပုံတင်မှုရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

0601 A 4386
0605 A 4790
0609 A 5246
ဖုန်း– 09 5105043 ။

အခွန်လွတ်ဈေးများ၌ကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်မှုရှိရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၁ရက် နံနက်က ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများဖြစ်သည့် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း အခွန်လွတ်ဈေးသို့လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီအခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ အရောင်းဆိုင်များ၌ ဟင်းသီးဟင်းရွက်၊ သား၊ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့်လူသုံးကုန်ပစ္စည်းများဈေးနှုန်း သက်သာစွာ တည်ခင်းရောင်းချနေမှုနှင့်ဝယ်ယူသူများ စည်ကားနေသည်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ အလေးချိန် မှန်ကန်မှုရှိစေရေး၊ ရောင်းသူဝယ်သူများ စိတ်ချမ်းမြေ့မှုရှိစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းသို့ရောက်ရှိပြီး အသင်းအစည်းအဝေးခန်းမ၌ အသင်းဥက္ကဋ္ဌနှင့်အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်အသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေးအခြေခံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

ကျွန်မ မလဆီးဂျာဘူသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှအပြန် အငှားယာဉ်ပေါ်၌ လွယ်အိတ်နှင့်တကွ Passport အမှတ် (685011)ကို ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

အမှတ် ၃၃၊ မြင့်မိုရ်လမ်း၊ စမ်းချောင်း၊
ဖုန်း–၅၀၀၂၀၉၊ ၀၉၅၁၄၅၃၉၅။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ရွှေပြည်သာမြေတိုင်းရပ်ကွက် ၂၉၊ မြေကွက်အမှတ် ၁၈၄ မြေအမည်ပေါက် ဒုတိယဗိုလ်မှူးကြီးကိုကိုအမည်ဖြင့် တည်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင် ဦးမြဝင်း တီဂျီအင်န်–၀၂၄၄၈၀ထံမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းမော်အောင်
အမှတ်(၁/ခ)၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း–၇၂၅၉၆၄၊ ၅၀၀၇၈၀၊ ၅၁၀၄၁၂။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်၏ ပန်းတင်ခုံအား သံပန်းကာရန် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်း အမှတ် ၂၅၅နေ ဦးတော်ဝါး–(ဒေါ်ကျင်ဝှက်)မိသားစုက အလှူငွေ ကျပ်နှစ်သိန်းငါးသောင်းကို ဇွန်၂၉ရက်က မဟာမုနိ ဓမ္မာရုံကြီး၌ ရေစက်ချလှူဒါန်းပြီး ဂေါပကအဖွဲ့သို့ပေးအပ်စဉ်။

(၂၀၀)

မုန်တိုင်းငယ် အားလျော့သွား

ရန်ကုန် ဇူလိုင် ၃

ယနေ့မြန်မာစံတော်ချိန် နံနက်၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ သြရိသကမ်းခြေကို ချန်ဘာလီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ အဆိုပါမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားပြီး အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

ပြန်/ ဆက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

ညောင်ဦး ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၀ ရက်က ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဝန်ကြီး၏မှာကြားချက်များ၊ ဦးစီးဌာန၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ညောင်ဦးခရိုင် အတွက် လုပ်ငန်းလျာထားချက်များကို ချမှတ်ပေးပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်နှင့် ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများက မြို့နယ်အလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း သည် ခရိုင်ရုံး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် နံရံကပ်စာစောင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူ တစ်အုပ်တစ်မ စိုက်ခင်းနှင့် ပဲစင်းငုံစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိုက်ခင်းတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့်ပြောင်းပင်များ ကြားညှပ်စိုက်ပျိုး ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇွန် ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ်အခြေခံပညာ မူလတန်းကျောင်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

သနပ်ပင် ဇွန် ၂၃

ပဲခူးခရိုင် သနပ်ပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်များက အခြေခံပညာ မူလတန်းကျောင်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မင်းရွာကျောင်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဌေးဌေးနှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားများ၏မိဘများ တက်ရောက်ကြသည်။

လက်ခံယူ

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဌေးဌေးနှင့် စေတနာရှင် ဒေါ်ဌေးကြည်တို့က မင်းရွာကျောင်းစုကျေးရွာအုပ်စုအတွင်းရှိ အမက ကျောင်းများသို့ ကျောင်းသုံးစာအုပ်များနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ မင်းရွာကျောင်းစုအမကကျောင်း အုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့် လက်ခံရယူသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

စုပေါင်းစိုက်ပျိုး

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေးအနီးရှိ မြေကွက်လပ်တွင် ဈေးတာဝန်ခံ ဦးဝင်းရွှေနှင့် ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူဈေးသားများ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ဇွန် ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်လှ ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။ (၂၆၀)

မိုင်းယူမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

မိုင်းဖြတ် ဇွန် ၁၄

မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်သည် ဇွန် ၁၀ရက် နံနက်က မိုင်းယူမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ တွေ့ဆုံပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဘုန်းက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားပြီး တင်ပြချက်များကို ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်စွက်ပေးပြီး မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၁၁)ရက်
၅-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများအတွက်-ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ဘဝထဲကလူ လူထဲကဘဝ-ရွှေစောသက်)

၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) လောင်းပန်းဂမုန်းအင် (ပတ်ပျိုး)-မိုးလှိုင်ဟိန်း
(၂) ပြာပြာညိုရောင်မှိုင်းလို့ ရီမှောင်(ပတ်ပျိုး)-မြင့်မြင့်စိန်
(၃) တောင်ဇမ္ဗူပိုင်(ယိုးဒယား)-တင်ဦးလှိုင်
(၄) ရွှေပစ္စူန် (ယိုးဒယား)-မေဘရဏီခိုင်

ညနေပိုင်း

၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်မိုးကြီး
(၂) မောင့်အရှည်အချင်း
(၃) ချစ်ပြုံးနှင်းဆီ

၁၇း၃၀ အစာနှင့် အာဟာရ (နာနတ်သီး)

၁၇း၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ မနှင်းအေးဝေနှင့် မန္တလေးတိုင်းမှ မရတနာဥ၏ စန္ဒရားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကြံစည်သမျှ အောင်စေသော် အမှတ်(၄)-စံဇာဏီဘို
(၂) ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ (မစန္ဒာ)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုးပိုင်နှင့် မေရွက်ဝါတို့၏ နွေအလွမ်းတေးစီးရီး)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာမီးအိမ်
(၂) မိုးနဲ့အတူ
(၃) ပြောလိုက်ပါငွေသော်တာ



ကျေးလက်ရေရရှိရေးလုပ်ငန်း ရေရှည်တည်တံ့ရေး စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းသင်တန်းဖွင့်

ချောင်းဦး ဇူလိုင် ၁

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများပြင်ဆင် ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို ဇွန်၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းမြင့်တို့က စက်ရေတွင်းများ ရေရှည်တည်တံ့ရေးအတွက် မွမ်းမံပြင်ဆင်မှုများပြုလုပ်ရေး သရုပ်ပြဆောင်ရွက်ခြင်းနှင့် ဇီဝဒီဇယ်ဆီ အစားထိုးလည်ပတ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဖေယျတို့ ဇွန်၁၂ရက်က မူဆယ်မြို့ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတွင် မြောင်းဆယ်ခြင်းနှင့် ရေဆင်းမြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း ဦးဆောင်သော ဝန်ထမ်းများ မေ ၃၁ရက်က မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက်တွင် စက္ကူပန်းပင် ၂၀၀နှင့် စိန်ပန်းပုပင် ၂၀၀ တို့ကိုလည်းကောင်း၊ ရုံးအဝင် လမ်းတစ်လျှောက်တွင်လည်း စိန်ပန်းပုပင်များနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ၌ ဇွန် ၁၈ ရက်က ဆွမ်းဆန်တော် ၁၉၈ တင်းအား ပစ္စည်းလေးဖြာပဒေသာပင် ၆၁ပင် တန်ဖိုးငွေကျပ် ၇၆၄၀၀၀ကို ရန်ကုန်မြို့ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်နှင့် မန္တလေးမြို့ တိပိဋကသန္တာဝါသပရိယတ္တိစာသင်တိုက်တို့အတွက် တိပိဋကရေ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ရှေ့မှောက်တွင် ဆရာဝန်ဒေါက်တာဦးအောင်ချိုကလှူဒါန်းရာ တိပိဋကမဟာဂန္ထဝင် ဥပဋ္ဌာကအဖွဲ့ နာယက ဦးစောကြိုင်လက်ခံယူစဉ်။ (က-ပ)

ညောင်လေးပင်၌ ကျန်းမာရေးပညာပေးဟောပြော

ညောင်လေးပင် ဇွန် ၃၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မိုးရာသီကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် တစ်ကိုယ်ရေကျန်းမာရေး ဆေးစစ်ပေးခြင်း အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀နာရီက ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်မေအေးက မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် အခြားကျန်းမာရေးသိကောင်းစရာများကို ဟောပြောသည်။

ဆောင်ရွက်

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆေးစစ်ခြင်းတို့ကို ကျန်းမာရေးအဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (၁၃၄)

မိဘများဖြစ်သော ဦးအေးဟန်-ဒေါ်စိန်ရှင်၊ ဦးသံထူး-ဒေါ်ခင်ထား၊ အစ်မဒေါ်ကြည်ဝါ၊ ခင်ပွန်း ဦးကြည်ဝမ်တို့အားရည်စူး၍ မြိတ်မြို့နောက်လယ်ရပ် (၁)လမ်း အမှတ်(၁၈)နေ ဒေါ်သန်းညွန့်က ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေတောင်မြို့နယ်၌ပညာရေးငွေပဒေသာပင်စိုက်ထူ

ရွှေတောင် ဇွန် ၂၉

ရွှေတောင်မြို့နယ် ညောင်စာရေးအုပ်စု ပန်းတင်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ညောင်စာရေးတိုက်နယ်ပညာရေးဖေးကူမှုကော်မတီ၏ ပညာရေးငွေပဒေသာပင် စိုက်ထူပွဲနှင့် ကျောင်းသုံးစာရေးကိရိယာများလှူဒါန်းပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိုးသိန်းတို့က အမှာစကားများ ပြောကြားကြပြီး ကော်မတီဘဏ္ဍာရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့ တာဝန်ခံ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗိုလ်မင်းရောင်လမ်းမ (၄၂) ရပ်ကွက်နေ ဦးမြတ်စိုးနိုင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာ

ထို့နောက် ကော်မတီနာယက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၉) ရပ်ကွက် နဝဒေးလမ်းနေ ဦးသိန်းနိုင်-ဒေါ်မိုးမိုးညွန့်နှင့် ဦးမြတ်စိုးနိုင်တို့က အလှူရှင်များကိုယ်စား ငွေပဒေသာပင် စိုက်ထူငွေများကို ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ ကော်မတီက ယခု ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ်တွင် ညောင်စာရေးတိုက်နယ်အတွင်းရှိ ကျောင်းပေါင်း ၂၀ မှ ကျောင်းသားများအတွက် ဗလာစာအုပ် ၂၂၇ ဒါဇင်၊ ခဲတံ၊ ဘောပင် စုစုပေါင်းငွေကျပ်လေးသိန်းငါးသောင်းဖိုးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာပေးအပ်

ကနီ ဇွန် ၂၀

ကနီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်ဂုဏ်ပြုလွှာနှင့် ကတ်ပြားပေးအပ်ပွဲကို ဇွန် ၁၁ရက်က ပျဉ်တောကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်နွဲ့က ရာသက်ပန်အသင်းဝင်ဂုဏ်ပြုလွှာနှင့် ကတ်ပြားများကို ပျဉ်တောကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌဒေါ်တင်နွဲ့က ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းနှင့် ဆင်ခြေထောက်ရောဂါအကြောင်းများကို ဆွေးနွေးဟောပြောသည်။**(မြို့နယ် ပြန်/ဆက်)**

ချုံနွယ်များ ရှင်းလင်း

ပန်ဆောင် ဇွန် ၁၅

ကချင်ပြည်နယ် ပန်ဆောင်မြို့သန့်ရှင်း သာယာ လှပရေး အတွက် ဇွန်၃ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ လီဒိုလမ်းမကြီး တစ်လျှောက် ပေါင်းမြက်များနှင့် ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုစုပေါင်းဆောင်ရွက်ကြရာ မြို့တာဝန်ခံ ဦးတင်မောင်သန်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဇွန် ၁၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

တံတားဦးမြို့နယ်ကျောင်းများအတွက် စာရေးခုံနှင့် စာအုပ်များလှူဒါန်း

တံတားဦး ဇူလိုင် ၁

တံတားဦးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြို့နယ်အတွင်းရှိ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းများနှင့် မူလတန်းကျောင်းများသို့ စာရေးခုံ၊ ဗလာစာအုပ်များနှင့် ခဲတံများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၄ရက် နံနက် ၁၀နာရီက ဆုံကုန်းအခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစောဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြောကြား

ဆက်လက်၍ မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းများနှင့် မူလတန်းကျောင်းများသို့ စာရေးခုံ၊ ဗလာစာအုပ်များနှင့် ခဲတံများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာ ဆရာမများက လက်ခံရယူပြီး **(ဝဲပုံ)** ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အ မြို့ မြို့ အနယ်နယ် သတင်းများ

မိုးကောင်းမိခင်/ကလေးအသင်းနှစ်ပတ်လည်စည်းဝေး စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသားများအားဂုဏ်ပြုဆုချီးမြှင့်

မိုးကောင်း ဇွန် ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းစိန်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းတို့က အမှာစကားပြောကြားပြီး ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ပေးအပ်

ထို့နောက် တက္ကသိုလ်ကျောင်းသားကျောင်းသူ သုံးဦးတို့အားအသင်းမှ ချီးမြှင့်သည့် ပညာသင်ထောက်ပံ့ကြေးငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးပါကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၁၆)

ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

မော်လမြိုင် ဇွန် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ပရိဝုဏ် အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှု လုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိရာ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်း လိုသူများသည် ကျိုက်သလ္လံစေတီ တော်မြတ်ကြီး၏ ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း-၀၅၇-၂၄၈၇၈ နှင့် ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း- ၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

အပြို့ မြို့ အနယ်နယ် သတင်းများ

ဇွန် ၂၅ ရက်က မိဘများဖြစ်ကြသော(ဦးထွန်းမြိုင်-ဒေါ်မိ)တို့အား ရည်စူး၍ သားသမီး မြေးများက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာအဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

ရေစကြို ဇွန် ၂၂

ရေစကြိုမြို့နယ် ညောင်တောကျေးရွာအုပ်စုတွင် ပညာဗိမာန်စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ကျေးရွာ ပြည်သူများ၏ စုပေါင်းလှူဒါန်းသော ငွေကျပ် ၁၅ သိန်းခန့်တန်ဖိုးရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး သည်။

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က စာကြည့်တိုက်မှူးဦးစိန် ဝင်းအား စာအုပ်များ ပေးအပ်လှူဒါန်း သည်။**(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

ခြင်နိုင်ဆေးပြားများပေးအပ်လှူဒါန်းပွဲဓနုဖြူ၌ကျင်းပ

ဓနုဖြူ ဇွန် ၂၂

မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် များနှင့် မြို့နယ် အခြေခံပညာရေးဦးစီး ဌာနတို့ စုပေါင်း၍ စူပါခြင်နိုင် ဆေးပြား လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၆ရက်က ဓနုဖြူမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းရုံး ခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ မြို့နယ်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လု လုစိန်နှင့် မြို့နယ်ပညာရေးမှူး ဦးစန်း တို့က အမှာစကား ပြောကြားကြ သည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်ကျန်းမာ ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ချယ်ရီကျော်မြင့်က စူပါခြင်နိုင်ဆေးပြား အသုံးပြုပုံနည်းလမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် လူမှုရေးအဖွဲ့အစည်း များက လှူဒါန်းသော စူပါခြင်နိုင် ဆေးပြားများကို မြို့နယ်အမှုဆောင် များက မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ) (၀၈၅)**

ချို့တဲ့နွမ်းပါးသောကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ လှူဒါန်း

တောင်ငူ ဇွန် ၂၂

တောင်ငူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က တောင်ငူမြို့ ရပ်ကွက်(၁) ထီးလှိုင်အမကမှ ချို့တဲ့ နွမ်းပါးသော ကျောင်းနေအရွယ် ကျောင်းသူကျောင်းသားကလေးများ အား ငွေကျပ်၇၀၀၀၀တန်ဖိုးရှိကျောင်း သုံး စာအုပ်များနှင့် စာရေးကိရိယာ များ ပေးအပ်လှူဒါန်းပွဲကို ဇွန်၁၀ရက် က အဆိုပါကျောင်း၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်စာပေ နှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်ဝင်း (ကိုရေချမ်း- တောင်ငူ)**(အပေါ်ပုံ)**နှင့် စာရေးဆရာ အေးရွှေ (ကေတုမတီ)တို့က လှူဒါန်း ကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လု ရီနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်တို့က လက်ခံ ရယူကြသည်။

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းက လှူဒါန်းရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် လက်ထောက် ပညာရေးမှူး ဦးအောင်မောင်း၊ ကျောင်းအကျိုးတော် ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လုရီတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြား ကြသည်။ (၃၇၂)

မင်းတပ်မြို့၌ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

မင်းတပ် ဇွန် ၃၀

မင်းတပ် မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ဦးဆောင်၍ မြို့ပေါ် (၄)ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မင်းတပ်-မတူပီလမ်း၊ ဦးဝမ္မသူးမောင် လမ်းနှင့် ဘုရင့်နောင်လမ်းတို့တွင် မိုးတွင်းကာလ ရေမြောင်းများ ပိတ် ဆို့မှု မရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မေ ၂၀ ရက်က စုပေါင်းဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်း မြတ်နှင့် အဖွဲ့ဝင်များ၊ အမှုဆောင် အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းစိုက်ပျိုး

စစ်တွေမြို့နယ် စက်ရုံစု ရပ်ကွက်တွင် ပျိုးထောင်ထားရှိ သော ခြံစည်းရိုးကြက်ဆူ ပျိုး ဥယျာဉ်မှပျိုးပင်များကို ရပ်ကွက် ဥက္ကဋ္ဌဦးစန်းမောင်နှင့်ရပ်ကွက်သူ ရပ်ကွက်သားများက စိုက်ခင်း တွင် စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများ သည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုး များပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါ ကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- * အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
- * အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့် ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
- * မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက် ပြုတ်ပြင်ဆင်ခြင်း၊
- * မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်း ခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- * သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
- * ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
- * သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ် လျှော်ခြင်း၊
- * သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေး စွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့် နေရာတွင်ရှိခြင်း၊
- * သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

- * သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာ ဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
- * သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော် ခြင်းမပြုပါနှင့်၊
- * ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
- * ရေကို ကျိုချက်၍သောက်ပါ၊
- * သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
- * အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
- * အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- * အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- * ယင်လုံအိမ်သာ အသုံးပြုပါ၊
- * အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင် စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အရေးယူရန်တင်ပြနေသောစာတမ်းများ သတင်းအခြေအမြစ်မရှိ မဟုတ်မမှန်ဖော်ပြချက်များအပေါ် အားပြုကိုးကားထား အာဏာရလိုသူ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် ကြိုးကိုင်သူများ၏လုပ်ကြံမှုသာဖြစ် မြန်မာပြည်သူလူထုနှင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး အကျိုးမဲ့ဖြစ်စေခြင်းကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကန့်ကွက်

■ ***ရှေ့ဖုံးမှ***

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥနှင့် ဒေါ်လိန်းမောင်းပန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ကြားတင်ပြကြသည်။

အစဉ်အလာကောင်းများ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အလာကောင်းသူများ ဖြစ်ပါကြောင်း၊ မိခင်စိတ်ဓာတ်နှင့် မေတ္တာတရားရှေ့ထားပြီး အများအကျိုးကို ကျရာနေရာမှ ကျေပွန်စွာထမ်းဆောင်နိုင်သည့် အရည်အချင်းရှိသူများဖြစ်သည်နှင့်အညီ မိမိတို့ မြန်မာအမျိုးသမီးများသည် အခြေခံအကျဆုံးဖြစ်သော အိမ်ထောင့်တာဝန်မှ တိုင်းကျိုးပြည်ပြုလုပ်ငန်းများအထိ အမျိုးသားများနှင့်တန်းတူရည်တူ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် မည်ကဲ့သို့သော အခက်အခဲ အခြေအနေမျိုးဖြစ်စေ ဖွဲသတ္တိရဲရင့်မှုဖြင့် ခိုင်ခိုင်မာမာ ရပ်တည်၍ အောင်မြင်အောင်ကျော်လွှားခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိပါကြောင်း။

ယခုကဲ့သို့ အခြေခံစိတ်ဓာတ်ကောင်းများနှင့် အလေ့အကျင့်ကောင်းများပိုင်ရှင် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသည့်အနေဖြင့် “မြန်မာအမျိုးသမီးများနေ့”ကို ***စာမျက်နှာ ၃ ကော်လံ ၁*** ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကိုဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော ဆောင်းပါး ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါက်တာချိုချိုတင့် (မတင့်–မြန်မာစာ)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၅ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာန ဦးစီးဌာနခွဲမှ ဒုတိယတပ်ကြပ် သီတာဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇူလိုင် ၄ ရက်)၌ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

ကမ္ဘာ့ဖလား

သတင်းဂယက်

အညွှန်း



ဇီဒန်း၊ ဗီယာရာနှင့် အွန်နရီတို့ အသင်း ရလဒ် ကောင်းအောင် ဖန်တီးကြမည်

ဘရာဇီးကွင်းလယ် ကစားသမား ဂျူနင်ဟို နိုင်ငံတကာ အားကစားသမား အဖြစ်မှ နားမည်

ယနေ့ကစားမည့် အကြိုဗိုလ်လုပွဲတွင် ဂျာမနီအတွက် ဂိုးသွင်းပေးဦးမည် ဖြစ်ကြောင်း ဂျာမနီတိုက်စစ်မှူး ကလိုဆေး ပြောကြား

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲအကြို နောက်ဆုံးသတင်းများ (စာ–၁၃)

4-7 (20).p65 1 1/6/32, 11:17 PM